အလွမ်းစာ

Whisper of Words

“ ဘုရားမရောက်နိုင်တဲ့အရပ်ရယ်။
ချစ်ခြင်းမေတ္တာက မကုနိုင်တဲ့ ရောဂါဆိုးရယ်။
ဘယ်ကရောက်လာမှန်းမသိတဲ့ မြားတွေရယ်ဆိုတာ
တကယ်ရှိပါတယ်။
ပျော်အောင်သာနေပါ။
ကျွန်မလည်း သိပ်မကြာခင် နေကောင်းသွားမှာပါ။ ”

မြကျေး

“အလွမ်းစာ”

Whisper Of
Words

ပုံနှိပ်မှတ်တမ်း

အလှမ်းဓာ

မြကျေး

ပထမအကြိမ်၊ ဇန်နဝါရီ၊ ၂၀၂၃။

အုပ်ရေ - ၁၀၀၀

တန်ဖိုး ၃၀၀၀ ကျပ်

ထုတ်ဝေသူ ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့် အဖုံးပုံနှိပ် ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ ညိုပြာဝိုင်၊ မျက်နှာဖုံးဒီဇိုင်း အံ့ဘွယ်ဇင်

ကွန်ပျူတာစာစီ သရဖီ။

Ebook Creator

Whisper Of Words

စာဖတ်သူသို့ ...

တစ်ဦးတစ်ယောက်ဆီ ရည်ရွယ်ပြီး စာတစ်စောင် လောက်တော့ ရေးဖူးခဲ့မယ်လို့ ယုံကြည်ပါတယ်။ တစ်ဦး တစ်ယောက်ဆီက ကိုယ့်အတွက် ရည်ရွယ်ထားတဲ့ စာ တစ်စောင်လောက်တော့ ရဖူးခဲ့မယ်လို့ ယုံကြည်ပါတယ်။ အဲဒီအချိန် ဘယ်လို ခံစားရပါသလဲ။

အဲဒီခံစားမှုနဲ့ ကျွန်မ ရေးသားလိုက်ပါတယ်။ အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ လူများ၊ အရာဝတ္ထုများဟာ မြောက်မြားစွာသော ရေတွေလို ကျွန်မ ပတ်ပတ်လည်မှာ ဝန်းရံနေပါတယ်။

အဲဒီခံစားမှုနဲ့ ကျွန်မ ရေးသားလိုက်ပါတယ်။ သတိရခြင်း၊ လွမ်းဆွတ်ခြင်းများဖြင့် နေထိုင်နေခဲ့၊ နေထိုင်နေရဆဲ ဖြစ်ပါတယ်။

အဲဒီခံစားမှုနဲ့ ကျွန်မ ရေးသားလိုက်ပါတယ်။ ရေးနေစဉ်မှာ၊ ရေးပြီးစဉ်မှာ ရင်ခုန်ခဲ့ပါတယ်။ အဲဒီခံစားမှုနဲ့ ကျွန်မ ရေးသားလိုက်ပါတယ်။

စိမ်းစိုသော ကျွန်းမြေတစ်ခုပေါ် သက်သောင့် သက် သာစွာ အနားယူ နေရသလို ဖြစ်စေချင်ပါတယ်။

အဲဒီခံစားမှုနဲ့ ကျွန်မ ရေးသားလိုက်ပါတယ်။

ချစ်မေတ္တာဖြင့်

မြကျေး

သို့

ကျွန်မ ဘာမှ မအောင်မြင်ခဲ့ဘူး။

ထွက်သွားရမယ်ဆိုရင် မြေလတ်မြို့လေး တစ်မြို့ကို ရွေးချယ် ဖြစ်မယ်ထင်တယ်။ သင့်တင့်တဲ့ ခြံဝင်းလေးမှာ သစ်သားအိမ်လေး တစ်လုံး ဆောက်မယ်။ ခြံပတ်ပတ်လည်မှာ စက္ကူပန်းတွေ စိုက်မယ်။ အနီရောင် တစ်မျိုးပဲ စိုက်မယ်။ အသက် ၃၀ လောက်မှာပဲ ဘဝကို အရှုံးများများနဲ့ ငြီးငွေ့ စိတ်ကုန်ခဲ့တဲ့ မိန်းမဖို့ ရနံ့သင်း ပန်းလှလှတွေ မလိုလောက်တော့ဘူး ထင်တာပဲ။ အိမ်ကို မိုးပြာရောင် သုတ်မယ်။ အိမ်ရှေ့မှာ စာတိုက်ပုံးလေးတစ်ပုံး ထားမယ်။ ဗိုက်ဆာမှ အိမ်ကို ပြန်လာ တတ်တဲ့ ကြောင်တစ်ကောင် မွေးမယ်။ ဆံပင်ရှည် ဆက်ထားမယ်။ စိတ် ကိုလည်း ရှည်ရှည်ထားမယ်။ အချိန်တွေ ကုန်ပါစေ၊ ဒီအတိုင်း လွှတ်ထား လိုက်မယ်။ အသက်ကို အလဟဿ ကြီးပစ်မယ်။ နေလို့ သိပ်ပျင်းလာရင် အဝေးကြီးကို ငေးမယ်။ သေခြင်း၊ ရှင်ခြင်းတွေကိုလည်း မတွေးတော့ ဘူး။ ယုံကြည်ရာတွေကိုလည်း ဆန်ခါတိုက်ပြီး မစစ်တော့ဘူး။ ကြည်အေး ဝတ္ထုတွေထဲ ဝင်လိုက် ထွက်လိုက်တွေ မလုပ်တော့ဘူး။ ဖော်ဖော်အောင် ဖတ်မယ်။ သံပရာရည် သောက်မယ်။ စံပယ်ပန်း ပန်မယ်။ သိပ်ကြိုးစား နေတဲ့လူတွေ တွေ့ရင် နားမလည်ဘူးလို့ ပြောပစ်မယ်။ ဘူကောစကီးက သူ့အုတ်ဂူမှာ မကြိုးစားနဲ့လို့ ရေးထားတယ်။ ကျွန်မ သေသွားရင်တော့ ကြိုးစားလည်း အလကားပဲလို့ ရေးခိုင်းမယ်။ ကျွန်မက မအောင်မြင်သူ ပဲ။ အဲဒီဘက်မှာ ပျော်ပျော်ရွှင်ရွှင်ပါပဲ။ စိတ်မပူပါနဲ့။ မိုးပါးတဲ့ မြေလတ်မြို့လေးမှာ ကျွန်မ နေသားတကျ ဖြစ်မှာပါ။ ဒေသထွက် ပန်းလေးတွေကို အခြောက်ခံပြီး စာတိုက်ကနေ ပို့ပေးလိုက်မယ်။ တစ်ခါတလေ တိမ်မျှင် တစ်စ နှစ်စ ပါမယ်။ တစ်ခါတလေ ဖုန်မှုန့်နည်းနည်း ပါမယ်။ နေကြာ တွေ ပွင့်ရင်တော့ သေသေချာချာ ပါဆယ်ထုပ်ပြီး ပို့လိုက်ပါ့မယ်။

ဘာရယ်မဟုတ်ပါ။ စက္ကူပန်း အနီရောင်တွေ စိုက်တယ်ဆိုတာ မုန်းတယ်လို့ လာပြောမယ့်သူ အလွယ်တကူ ရှာတွေ့နိုင်အောင်ပါ။

ဇွန် ၁၇၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ ▯ ၁

ဒီနေ့မနက် ငှက်ကလေးတစ်ကောင် တွေ့တယ်။ သေးသေးလေး။ ကိုယ်ထည် လုံးလုံးလေး။ အမြီးကော့ကော့လေးနဲ့ တစ်ကိုယ်လုံးလည်း အရောင်တွေ စုံနေတာပဲ။ အမျိုးအမည်မသိတဲ့ ငှက်သေးသေး လေးတွေကို ချစ်တဲ့အကြောင်း ပြောပြမိဖူးတယ် ထင်တယ်။ အဲဒါ ဒီနေ့ အဲဒီလို ငှက်ကလေးတစ်ကောင် တွေ့တယ်။

ဘာမှမလုပ်တော့ဘဲ အိမ်မှာ နေကြည့်လိုက်တော့မှ အိမ်ရဲ့ ထောင့်တွေကို သေသေချာချာ မြင်ရတော့တယ်။ ကျွန်မ လွတ်နေတဲ့ ထောင့်တွေ တော်တော် များနေတယ်။ အဲဒါတွေ ပြန်ဖြည့်နေရတာ အခု အလုပ် ပေါ့။ ပန်းပင် ရေလောင်းတယ်။ စကားပြောတယ်။ မီးဖိုချောင် ဝင်တယ်။ သနပ်ခါးလိမ်းပြီး ဆံပင်ကို ဘေးတစ်ဖက်စီမှာ ခွဲပြီး ဆံထုံး ထုံးထားရတာကို နှစ်ခြိုက်နေတယ်။ ကိုယ်အလေးချိန် သုံးပေါင်လောက် တက်လာ တယ်။ လူက ထူးပြီးလည်း လှမလာပါဘူး။ အရင်အတိုင်းပါပဲ။ ရွှက်ကြမ်း ရေကျိုပါပဲ။

ဘာသတင်းမှ နားမထောင်ဘူး။ ဘာအကြောင်းမှ စိတ်မဝင်စားဘူး။ လူက အဆင်ပြေတယ်နဲ့ အဆင်မပြေဘူးကြား space မှာ ရောက်နေတာ။ ၃၁ နှစ်ကလည်း မကြာခင် ပြည့်တော့မယ်။

စိတ်ကူးယဉ်ထားတာ ကတော့ အသက် ၅၀မှာ သေပစ်ဖို့ပဲ။ အဲဒါကလည်း ဒီနေ့အထိပါပဲ။ မနက်ဖြန်ရောက်ရင် အသက်ရှည်ချင်တယ်၊ ဘာညာ ဖြစ်ချင်ဖြစ်နေဦးမှာ။

နေရတာ ပျော်လား၊ မပျော်ဘူးလား ဆိုတာကတော့ အိမ်ဘေးက ကလေးလေး ဆော့သလိုပါပဲ။ အစီအစဉ်မကျတဲ့ ကစားစရာ အပုံကြီးထဲ ထိုင်ပြီး လက်ဒစ်ဂိုး (Let it go) လို့ သီချင်းတွေ အော်ဆိုပြီး လက်လှမ်း သင့်ရာ အရုပ်တွေယူပြီး ဆော့နေသလိုပေါ့။ သိတယ် မဟုတ်လား၊ ဘဝ ဆိုတဲ့ အရာကိုလေ။ နေပျော်တယ်၊ မပျော်ဘူး ဆိုတဲ့ ကိစ္စတွေကိုလေ။

ဘုရားမရှိခိုးလို့ အမေက သိပ်သဘောမတွေ့ဘူး။ ကျွန်မက ဗုဒ္ဓကို မယုံကြည်တော့ဘူးလို့ အမေက ထင်နေတာ။ တကယ်တော့ ကျွန်မက ရှက်နေတာ။ ကိုယ်ညစ်ပတ်၊ စိတ်ညစ်ပတ်ကြီးနဲ့ ဘုရားရှေ့ ငုတ်တုတ် ထိုင်နေရတာ ရှက်စရာကြီး။ ကောင်းကင်ပြာပြီး စံပယ်တွေ ဘာတွေ ပွင့်ချိန်မှ ဘုရားရှိခိုးဖြစ်တော့မယ်။ ဘုရားမရှိခိုးတာနဲ့ ဘုရားနဲ့ ဝေးပြီ လို့ သတ်မှတ်ပုံမျိုးတွေကိုတော့ လက်မခံချင်ပါဘူး။ ဟုတ်တယ် မဟုတ် လား။

လွမ်းလို့ပါ။ လွမ်းလို့ ရေးတဲ့ စာပါ။ တောင်စဉ် ရေမရတော့ ဖြစ် နေမှာပဲ။ ကျွန်မမှာလည်း အဲဒီလို အပြွတ်အပြွတ်တွေပဲ ရှိနေတယ်။

ဒါနဲ့ အခု ပြောနေတာတွေကို စိတ်ဝင်စားမှုရော ရှိရဲ့လား မသိဘူး ...။

ဧပြီ ၂၅၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၂

ဒီည မိုးရွာတယ်။ လွမ်းရတဲ့သူတွေ လွမ်းလို့ကောင်းရုံ မိုးညမျိုး ပါပဲ။ ကျွန်မက မိုးရွာတာ မကြိုက်ဘူး ဆိုတာတော့ သိပြီးသား ဖြစ်မှာ ပါ။ ဒီလိုပဲ စကားအစတွေကို ရာသီဥတုအခြေအနေနဲ့ စကြလို့သာ ပြော လိုက်တာ။ အသက်ကြီးလာတာနဲ့အတူ ညတွေကို နည်းနည်းချင်း စိတ် ဝင်စားလာတယ်။ မှောင်တာနဲ့ လှုပ်ခတ်မှု နည်းသွားတာကို သဘောကျမိလာတာမျိုး ဖြစ်မယ် ထင်တယ်။

တတ်နိုင်သလောက် နေရာချုံ့ဖို့ တွေးထားပေမဲ့ လိုအပ်သလောက်တော့ ဆန့်ထုတ်ထားနေ ရသေးတယ်။ လူက ဗလာထည်လို လွတ်နေတော့ လွတ်နေတဲ့ ထောင့်တွေတိုင်းမှာ သွားဆန့်နေတဲ့ သဘောပေါ့။ အနည်းဆုံးတော့ ကျွန်မ ဖြည့်လို့ရတဲ့ ထောင့်ကျဉ်းတွေ ရှိနေသေးတာ ကိုပဲ ကောင်းကွက် ရှာနေရတယ်။ ပြောချင်တာက အခုတော့ မသေချင် သေးဘူး ဆိုတာပါပဲ။

ကိုယ့်ကိုယ်ကိုယ် ခဏ ရပ်ကြည့်လိုက်တော့မှ အသုံးဝင်မှုက များများစားစား မရှိတာကို ပိုပြီး သိလာတယ်။ ရောင်စုံကမ္ဘာထဲ ကျွန်မ နေလို့ရမယ့် နေရာက တဖြည်းဖြည်း ကျဉ်းလာတယ်။ ဒါပေမဲ့ ကျွန်မက ပျော်ရာအရပ်ကိုပဲ ခေါင်းတိုးဝှေ့ချင်တဲ့ ညဉ့်ရှိတာကြောင့် နေရထိုင်ရတာ တော့ အဆင်ပြေပါတယ်။ zephyr ရေးတဲ့ တမာပင်အောက်က လေအေး တွေအကြောင်း ခဏခဏ ပြန်ဖတ်တယ်။

နေ့များအကြောင်း ၂

တစ်နေ့ တစ်နေ့ မေ့ရက်စရာ မရှိ

အောင်ချိမ့်

သိပ်ပျင်းစရာကောင်းတဲ့ နေ့လယ်ခင်းကြီးမှာ ဒီကဗျာကို ဖတ်လိုက် ရတာ။ တစ်ယောက်တည်း ငြိမ်ကျသွားတယ်။ အဲဒီကဗျာကို ဘယ်လို ခံစားရသလဲ။ ကျွန်မကတော့ ကဗျာဖတ်သူတစ်ယောက်အနေနဲ့ အောင်ချိမ့် ကဗျာတွေဆီ ရောက်ဖို့ဆိုတာ အခြေအနေနဲ့ အချိန်အခါတစ်ခု လိုအပ် တယ်လို့ ထင်တာပဲ။ အဲဒီ တစ်နေ့ တစ်နေ့တွေ ရခဲ့ပြီလား။ ရောက်တော့ မှာလား။ စိတ်ဝင်စားဖို့ ကောင်းတယ်နော်။

လောလောဆယ်တော့ ဘာမှ လုပ်စရာမရှိရင် လုပ်ဖြစ်တဲ့ အရာတွေပဲ

လုပ်နေပါတယ်။ ပြတင်းပေါက်ကို မျက်နှာမူပြီး အမိပ္ပာယ်မဲ့ ငေး မောနေရတာမျိုးပေါ့။ ဘာကို စဉ်းစားမိသေးသလဲဆိုတော့ နှစ်ဆယ့်လေးနာရီကို မလောက်ငတဲ့ လူတွေဆီ ကျွန်မရဲ့အချိန်တွေကို ဖဲ့ပြီး ရောင်းရင် ကောင်းမလား ပေါ့လေ။ သည်းခံပြီးတော့ ဖတ်ပါ။ အရေးတကြီး အကြောင်းအရာတွေ မဟုတ်ပေမဲ့ ပြောချင်တဲ့ အရာတွေဆီပဲ စိတ်က ပြတ်တောင်းပြတ်တောင်း သွားနေရတာ ဆိုတော့။

ဒါလေးပါပဲ ...။

မေ ၁၃၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၃

ကဗျာရေးလို့ မရဘူး။ ကဗျာကို တွေးလို့ မရဘူး။ ကျွန်မ ခန္ဓာကိုယ်ထဲကနေ အဲဒီအရာ ပျောက်သွားမှာ ကြောက်နေမိတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မိုးရေစိုနေတဲ့ မြေကြီးနဲ့ တူတယ်လို့ ခံစားနေရတယ်။ ဒီတော့ ခြေဗလာနဲ့ အနင်းခံရဖို့ လိုအပ်နေတယ်။ သိပ်မပြင်းလွန်း။ သိပ်မပေါ့လွန်း။ မိုးရွာပြီးစ အချိန်တွေကို ကြိုက်တဲ့ လူတစ်ယောက်က ကြည်ကြည်သာသာနဲ့ မြေကြီးတွေကို ခြေဗလာနဲ့ နင်းလိုက်သလိုမျိုး။ အဲဒီလို အထိအတွေ့မျိုး ကျွန်မစိတ်ထဲ လိုအပ်နေတယ်။ ဘာကြောင့် မြေကြီးနဲ့တူတယ်လို့ ခံစားနေရလဲ မသိပါဘူး။ တကယ်ဆို တိမ်တို့၊ စံပယ်ပန်းတို့၊ နှုတ်ခမ်းနီတို့လည်း ဖြစ်လို့ ရနိုင်တာပဲကို။

ကျော်ကြားတဲ့ မိန်းမတော့ မဖြစ်ချင်ဘူး။ ဂုဏ်သတင်းနဲ့ပဲဖြစ်ဖြစ်၊ နာမည်ဆိုးနဲ့ပဲဖြစ်ဖြစ် ကိုယ့်ကို လူတွေ သိနေတယ် ဆိုတာမျိုးက ကိုယ့် မှာ CCTV ကြီး ချိတ်ထားရသလို ဖြစ်နေမှာ။ ကလေးတော့ မွေးဖူး ချင်တယ်။ About Time ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသမီး ပြောသလို ကလေးလေး သုံးယောက်လောက်ပေါ့။ လင်းလင်းရှင်းရှင်းနဲ့ ကြွံခိုင်တဲ့ ကလေးတစ်ယောက်။ မအောင်မြင်တဲ့ ကလေးတစ်ယောက်။ အဲဒီကလေး ကို အဖော်ရဖို့ သိပ်မအောင်မြင်တဲ့ ကလေးတစ်ယောက်။ အဲဒီလို သုံး ယောက်ပေါ့။ ရုပ်ရှင်ကြည့်ပြီး စိတ်ကူးထဲ ရောက်လာတဲ့ သဘောပါ။ ဘာမှ မသေချာပါဘူး။

သေချာတာကတော့ အားလုံး သိတဲ့ဆီလည်း မရောက်သေးဘူး။ တော်တော်များများလည်း သိပြီးနေပြီ။ ဘာဆက်လုပ်ရမှန်း မသိတာ။ အဲဒီလို ကြုံဖူးသလားတော့ မသိဘူး။ သိတယ်နဲ့ မသိဘူးကလည်း ဟုတ်တယ်နဲ့ မဟုတ်ဘူးလိုပဲ ရှုပ်တယ်။ အဲဒီစကားကြီး လေးခွန်းကလည်း လူ့သမိုင်း ရေသောက်မြစ်ကြီး လောက် ရှိတာကိုး။ ကိုယ့်ကိုယ်ကိုယ် မိုးရေစိုနေတဲ့ မြေကြီးလို့ ထင်နေတာပဲ ကောင်းပါတယ်။ ဟုတ်တယ် မဟုတ်လား။

သီချင်းတွေကတော့ တော်တော် နားထောင်ဖြစ်တယ်။ ဂစ်တာသံ များတဲ့ သီချင်းတွေ၊ သံစဉ်တွေကြောင့် ကျွန်မ ကိုယ်ထဲကနေ မြက်ခင်းတွေ၊ ပန်းတွေများ ပေါက်လာမလားလို့။ မြေကြီးလို့ ထင်နေတော့ ရေပန်းအောက် ရေချိုးရတာ ပိုပျော်လာတယ်။ ခြေဗလာနဲ့ လမ်းလျှောက်ရတာ ကြိုက်လာတယ်။ ပြတ်တောင်း ပြတ်တောင်းတွေက ပိုပြီး များလာတယ်။ နည်းနည်း ကြာလာရင်တော့ လျှော်လှုပ်လို့ ရပြီ ထင်တာပဲ။

အချိန်ရရင်ပေါ့လေ။ ဒါတွေ ဖြစ်နေရတာ မင်းအပြစ် မပါပါဘူးလို့

စာတစ်စောင်လောက် ပြန်ပို့ပေးနိုင်မလား။

မေ ၂၉၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၄

ချစ်တဲ့သူတွေကို မိုးလေ ကင်းလွတ်စေချင်တယ်။ ကျွန်မကိုလည်း ပျော်ရွှင်နေတယ်လို့ပဲ မြင်စေချင်တယ်။ နာကျင်မှုတွေ ကြိမ်နှုန်းမြင့်လာတဲ့အခါ ဆိတ်ဆိတ်နေခြင်း အမှုကိုပဲ ကျွန်မ ပြုပါတယ်။ နာကျင်မှုဟာ မကူးစက်သင့်သော မီး မဟုတ် လား။ ကျွန်မကြောင့် နာကျင်ရပါတယ် ဆိုရင်ဖြင့် ကျွန်မက အဝေးဆုံး ကို ထွက်ပြေးသွားဖို့ အဆင်သင့်ပါပဲ။ တကယ်တမ်းမှာတော့ ကျွန်မချည်း ပဲ နာကျင်ခဲ့ရတာ များပါတယ်။ ကဗျာလေးတစ်ပုဒ်တောင် ရေးခဲ့ဖူး တယ်။

မတော်တဆ ဆိုပြီး

ကျွန်မ စွန်ကြိုးတွေချည်း

ပြတ်ခဲ့ရတယ် လက်ခံခဲ့ရပါတယ်။ ။

ကဗျာသွားရာ ဓာတ်သက်ပါခဲ့သလား၊ ဓာတ်သက်သွားရာ ကဗျာ ပါခဲ့သလား မသိပါဘူး။ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်မိတာ ပွန်းရာပွဲရာချည်းပါပဲ။ အခုလည်း ပုံလျက်သား လဲကျနေတဲ့ ပိတ်သားစ အဖြူရောင်လေး ဖြစ်နေပါပြီ။ လေတိုက်ခတ်ရာ အရပ်တွေဆီကိုပဲ လွင့်ပါ သွားချင်နေတော့တယ်။ တာဝေး အပြေးသမားတစ်ယောက်လို ဆယ့်ငါး နှစ်ကျော် ပြေးလာခဲ့ရတာ အခုထိ မရပ်နိုင်သေးပါဘူး။ ဘာမှ အများ ကြီး မလိုချင်ခဲ့ပါဘူး ဆိုတာတောင် ဘဝက ရပ်နားခွင့်မပေးခဲ့ပါဘူး။

မတရားဘူးလို့ အော်နေလည်း နင်က ခံနိုင်ရည်ရှိတာပဲဆိုပြီး ကျွန်မ အက်ကြောင်းတွေပေါ် တူနဲ့ ထုနေကြတုန်းပါပဲ။ ရင်ဘတ် ကျဉ်း ကျဉ်းလေးနဲ့ တင်းခံထားရတာ များလာတော့ တစ်ခါတလေမှာ သိပ် အားယုတ်တယ်။ အသက်ငါးဆယ်မှာ သေပစ်ဖို့ မကြာမကြာ တွေးတယ်။

ပြန်လှန်မတိုက်နိုင်တော့ ကြံ့ကြံ့ခံခြင်းကိုပဲ အားပြုထားရတယ်။ အဲဒါ ကျွန်မ ပုံသေနည်းပဲ။ အောင်မြင်ခြင်းကို စိတ်ဝင်စားမှု မရှိဘူးဆိုလို့ ခရှုံးများများ လက်ဆောင်ပေးတဲ့သဘော ဖြစ်မှာပေါ့။ ဘဝကို ကျွန်မတို့ စာဒကတက်လို့မှ မရတာကို။ စိန်ပန်းနီနီတွေလို ရဲပတောင်းခတ်အောင် ပဲ ပွင့်နေရတော့တာပေါ့။ ဘုရားမရောက်နိုင်တဲ့ အရပ်ရယ်။ ချစ်ခြင်း မေတ္တာက မကုနိုင်တဲ့ ရောဂါဆိုးရယ်။ ဘယ်က ရောက်လာမှန်း မသိတဲ့ မြားတွေရယ်ဆိုတာ တကယ် ရှိပါတယ်။

ပျော်အောင်သာ နေပါ။ ကျွန်မလည်း သိပ်မကြာခင် နေကောင်း သွားမှာပါ။

ဇွန် ၉၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၅

မိုးများတဲ့ ရက်တွေထဲ ပျင်းပျင်းနဲ့ ရုပ်ရှင်တွေပဲ ကြည့်ဖြစ်နေတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ မကြည့်ဖြစ်တာ ကြာပါပြီ။ နေကောင်းရဲ့လားဆိုတဲ့ မေးခွန်းတွေတော့ လက်ခံရပါတယ်။ အပေါ်သွေး ၁၀၀၊ အောက်သွေး ၆၀၊ နှလုံးခုန် ပုံမှန်။ ပျင်းရိငြီးငွေ့နေတဲ့ စိတ်ကိုတော့ တိုင်းစရာ ပြဒါးတိုင်ပျောက်နေလို့ ဘယ်လောက်ရှိမယ် မသိရဘူး။

ကျန်တာတော့ အဆင်ပြေသလောက် ပါပဲ။ မိုးရွာတာရယ်၊ ကြွက် အမြီးရယ်၊ ခြင်ရယ် ဒီကမ္ဘာမှာ မရှိတော့ရင်တော့ ပိုအဆင်ပြေမယ်။ နောက်ပြီး ရှည်ကြာ ခက်ခဲတာတွေထက် ဖြတ်ကျော်ရ ခက်တဲ့ အခိုက် အတန့်တွေကို ကျွန်မ ပိုပြီး စိုးရိမ်တတ်လာတယ်။ ဘာတွေက လွယ်ပြီး ဘာတွေက ခက်သလဲဆိုတာက ကျွန်မအတွက် ရောထွေးလာနေပြီ။

မိုးအုံ့နေတဲ့ နေ့လယ်ခင်းတစ်ခုမှာ လမ်းလျှောက်ထွက် ဖြစ်တော့ အပေါ်ကို မော့ကြည့်မိတယ်။ ပြီးခဲ့တဲ့ လပိုင်းတွေမှာ ကြောက်စရာ ကောင်းတဲ့ နွေနေပူကြီး ရှိခဲ့တာတောင် မေ့သွားသလိုလိုပဲ။ လူတွေဟာ အဲဒီလိုပဲ … သိလား။ ပြီးတော့လည်း ပြီးသွားတာပါပဲ။

ဗာဒံပင်ပေါ်က ကြွေကျခါနီး သစ်ရွက်တွေကိုလည်း မော့ကြည့် ဖြစ်သေးတယ်။ နောက်ဆုံးနာရီချိန်ကို ရောက်နေတဲ့ သစ်ရွက်တွေလေ။ နီစွေးနေအောင် လှတာ သိပ်ကြည့်လို့ကောင်းတယ် သိလား။ စိမ်းမြ နေအောင် လန်းဆန်းပြီးခဲ့ပြီမို့ နောင်တမရှိကြောင်း နောက်ဆုံးမက်ဆေ့ချ် ချန်ခဲ့တဲ့ အနီရောင်တွေပေါ့။ ကျွန်မ တုန်လှုပ်မိတယ်။ ဒီအသက်အရွယ် အထိ ကျွန်မတို့တွေ ဘယ်လိုများ နေထိုင်ခဲ့ပါလိမ့်ပေါ့။

ကျွန်မကတော့ ခပ်ညှို့ညှို့ ခပ်တုံးတုံး ဖြစ်နေဆဲပါပဲ။ စကားလုံး တွေလည်း နည်းနည်းပဲ လိုချင်လာတယ်။ တစ်ကိုယ်စာ လုံလောက်ရုံ စကားလုံးတွေပေါ့။ ဘာကိုမှ အလုံးစုံ မသိချင်တော့ဘူး။ အဲဒီလိုနဲ့ စကားလုံးတွေ စစ်ထုတ်နေရတာလည်း အလုပ်တစ်လုပ်လို ဖြစ်လာတယ်။ ပြီးတော့ ထူးထူးဆန်းဆန်းပဲ ငှက်ဖြစ်ချင်နေတယ်။ ရှုံ့သမျှကို တံတွေး ထွေးပြလို့ မရတဲ့အရွယ် ရောက်လာတော့ ကျွန်မက ငှက်ဖြစ် ချင်လာတယ် ထင်တယ်။ ဘာစကားမှ ပြောစရာမလိုဘဲ ခေါင်းပေါ်ကိုပဲ ချေးပါချလိုက် ချင်တာမျိုးပေါ့။

ဟိုးက တိမ်တွေကို မြင်လား။ နည်းနည်းလေး ဖွဲ့ယူပြီး မိုးပျံ့ ပူဖောင်းထဲ

ထည့်ထားလိုက်တယ်။ ကျွန်မအခန်းထဲ သိမ်းထားဖို့ပါ။ မလွှတ်ဖြစ်တဲ့ စက္ကူစွန်တွေ အများကြီးကြားထဲ တိမ်တွေ ထည့်ထားတဲ့ မိုးပျံပူဖောင်းလေး သိပ်များ ဝမ်းနည်းသွားမလား မသိဘူးနော်။

ဒီလိုပါပဲ။ ကျွန်မ မပြောချင်ဆုံး စကားက ဒီလိုပါပဲ။ ကျွန်မ နေ့တိုင်း ပြောနေရတဲ့ စကားကလည်း ဒီလိုပါပဲ။

ဇွန် ၁၇၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၆

မိုးရွာတာကို ထိုင်ကြည့်ဖူးသလား။ တစ်ခုခုကို မကျေမနပ် ဖြစ် နေလို့၊ ဒါမှမဟုတ် တင်းခံထားရတာ များလာလို့၊ ဒါမှမဟုတ် ဘယ်သူ့ ကိုမှ ပြောပြခွင့်မရှိလို့၊ ဒါမှမဟုတ် ဘာအကြောင်းမှ မည်မည်ရရ မရှိပဲ နဲ့ပေါ့။ မိုးရွာတာကို ထိုင်ကြည့်ဖူးသလား။

ငိုနေသလို ရွာတဲ့မိုး ရှိတယ်။ နေရောင်ခြည် ဖျော့ဖျော့လေးနဲ့ အတူ လှလှပပ ရွာတဲ့မိုး ရှိတယ်။ ဘာအသံမှမပြုပဲ ဝုန်းဆို ဒေါသ တကြီး ရွာတဲ့မိုး ရှိတယ်။ ညည်းညူသလို တအီအီနဲ့ ရွာတဲ့မိုး ရှိတယ်။ ရွာလိုက်၊ ခဏနားလိုက်၊ ပြီးရင် ပြန်ရွာလိုက်နဲ့ စကားတစ်ခွန်းကို ပြော သင့်၊ မပြောသင့် စဉ်းစားနေသလို ရွာတဲ့မိုး ရှိတယ်။

မိုးတွင်းလို့ ဘယ်သူကများ စခေါ်ခဲ့သလဲ တွေးမိတယ်။ တကယ့် တွင်း။ မိုးတွေ ပြည့်နေတဲ့ တွင်း။ အဲဒီ မိုးတွင်းထဲက မိုးလုံလေလုံ အဆောက်အအုံတွေအတွက် ကျွန်မ ဝမ်းနည်းမိတယ်။ သူတို့မှာ အမြဲ လိုလို မိုးရေတွေ စို့ရွှဲနေခဲ့တာ။ တဘက်ကလေးတစ်ထည်လောက် ယူလာပြီး လာကူလှည့်ပါလို့ ဘယ်သူ့ဆီကိုမှ ကြေးနန်းမပို့ကြသူများပေါ့။ ကျွန်မလေ သူတို့အတွက် ဝမ်းနည်းရလို့ မိုးရွာတိုင်း ငြိမ်သက် တစ်မိနစ် ရပ်တန့်မိတယ်။

ဒီလိုဆို မိုးရွာတာကို မုန်းတုန်းပဲလား ဆိုရင်တော့ ဟင့်အင်း ပါပဲ။ ဒါဆို မိုးရွာတာကို ကြိုက်လာပြီလား ဆိုရင်တော့လည်း ဟင့်အင်း ပါပဲ။ ဒါပေမဲ့ နားလည်ပေးလို့တော့ ရလာပြီ။ ဝေးခေါင် ကဗျာထဲမှာ တော့ ဆံ့အ,သွားတဲ့ တိမ်တိုက်တွေဟာ ဘယ်တော့မှ မိုးမရွာတော့ဘူး တဲ့။ ဒီလိုဆို မိုးရွာတာ ရွာပါစေတော့လေ။

ကျွန်မတော့ စောင့်မျှော်နေရတာတွေ များလွန်းလို့ မိုးရွာတာကို ထိုင်ကြည့်နေဖြစ်တယ်။ အဲဒီမှာရော မိုးတွေ ရွာနေသေးလား ...။

ဇွန် ၃၀၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၇

ဒီနေ့ သစ်ခွလိပ်ပြာပင်လေးရဲ့ သုံးခုမြောက် ဖူးတံလေးကို ရှာတွေ့ ခဲ့တယ်။ အကြိမ်ကြိမ် ပြင်စိုက်ထားတဲ့ နှင်းဆီပင်ရဲ့ အဖူးလေးကလည်း ကျန်းမာနေတဲ့ပုံ ရှိကြောင်း သတိထားမိတယ်။ Little Forest ရုပ်ရှင် ကား ထပ်ပြီး ကြည့်မိပြန်တယ်။ မနက်ခင်း နေသာသလိုရှိပြီး ညခင်း မိုးရွာတယ်။ စကားပြေ နှစ်ပုဒ်လောက် ဖတ်ဖြစ်တယ်။

ဘာမှ မထူးဆန်းတာတွေကိုပဲ စိတ်ဝင်စားနေမိတယ်။ ဘာမှ မထူးဆန်းတာတွေကိုပဲ ဝမ်းနည်းနေ မိတယ်။ ချစ်တယ်။ မုန်းတယ်။ ဘာမှ မထူးဆန်းတဲ့ ဘဝနဲ့ ဘာမှ မထူးဆန်းတဲ့ လူတစ်ယောက်လို နေပြီး သေသွားချင်တာပါပဲ။ ရိုးရိုးကြီး ရှင်နေရတာတောင် မွန်းကျပ် လွန်းလို့ ဘာကိုမှ မဆန်းပြားချင်တော့တာပါပဲ။

မှတ်မိမလား မသိဘူး။ မအောင်မြင်တဲ့ ဘဝနဲ့ မြေလတ်မြို့လေး တစ်မြို့မှာ သစ်သားအိမ်လေး တစ်လုံးဆောက်ပြီး စက္ကူပန်းအနီရောင်တွေ စိုက်ပြီး နေသွားချင်တဲ့အကြောင်း စာလေးတစ်ပုဒ် ရေးဖူးတယ်လေ။ အဲဒါ တကယ်ပါ။ အဲဒါ တကယ်ပဲ ရည်ရွယ်ထားတာတွေပါ။ ဖြစ်လာ ခဲ့ရင် ဒါ ဘဝပေါ့။ ဖြစ်မလာခဲ့ရင် ဒါ အိပ်မက်ပေါ့။

ပြောပြချင်တာတွေတော့ အများကြီးပါပဲ။ ခံစားမှုတွေပဲ ရှိပြီး စကားလုံးတွေ ရှာမတွေ့ တာနဲ့ ရာသီဥတုအကြောင်း၊ သစ်ပင်တွေ အကြောင်းနဲ့ပဲ ပြီးသွားရတာပါပဲ။ နားလည်ပေးလို့ ရတယ် မဟုတ်လား။ ကျွန်မကိုယ်တိုင်ကိုက အဆက်အစပ် မဲ့နေလို့ပါ။

လူကတော့ မိုးလင်းကတည်းက တရွေ့ရွေ့ပါပဲ။ ပုရွက်ဆိတ်လို ကြိုးစားပမ်းစားလည်း မဟုတ်ဘူး။ ခရုလောက်လည်း မနှေးဘူး။ အဲဒါ ကိုရော မြင်ကြည့်လို့ ရလား။

တစ်နေကုန် တစ်ခုပြီးတစ်ခု လုပ်နေပုံကို ကြည့်ရင်တော့ မပျင်းမရိနဲ့ အားတက်သရော ဖြစ်နေနိုင်ပါတယ်။ သေသေချာချာ ကြည့်ရင် တော့ ကျွန်မ ထွက်ပြေးနေတယ် ဆိုတာကို မြင်မှာပေါ့ ...။

ဇူလိုင် ၁၃၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၈

တောအုပ်သေးသေးလေးကို ဖြတ်ပြီးမှ အိမ်ကိုရောက်မယ့် အိမ်အဝင်လမ်းလေး တစ်ခုကို ကျွန်မ အမြဲ စိတ်ကူးယဉ်မိတယ်။ နေပြောက် တွေကျနေတဲ့ တောလမ်းလေးပေါ့။ ကောင်းကင်ကို သစ်ရွက်တွေကြား ကနေ ဟိုတစ်စ ဒီတစ်စ မြင်ရတဲ့ တောလမ်းလေးပေါ့။ တော်ရုံ မိုးဖွဲ လောက်နဲ့ဆို ထီးဖွင့်ဆောင်းဖို့ မလိုတဲ့ တောလမ်းလေးပေါ့။ တစ်ယောက် တည်းဖြစ်စေ၊ တစ်စုံတစ်ယောက်နဲ့ဖြစ်စေ သက်သောင့်သက်သာလျှောက် ဖို့ အဆင်ပြေစေမယ့် တောလမ်းလေးပေါ့။

အဲဒါပေါ့လေ။ ဒီနေ့ ခြံတံခါးကို သော့ခတ်ပြီး ပြန်လှည့်ကြည့် လိုက်တော့ အိမ်အဝင်မှာ စိုက်ထားတဲ့ အပင်လေးတွေကို ကြည့်ရင်း တောအုပ်လေးနဲ့ တူလိုက်တာဆိုပြီး ပျော်မိတယ်။ တကယ်တော့ တောအုပ် ဘယ်ဟုတ်ပါ့မလဲ။ မိုးရေကြောင့် အပင်လေးတွေက စိုရွှဲပြီး ကိုင်းညွှတ်နေတော့ တောလမ်းလေးလို ဖြစ်နေတာပေါ့ ။

ရသလောက်နဲ့ ပျော်အောင် နေတတ်ရတာပါပဲ။

အဲဒီလို ရသလောက်ဆိုတာတွေနဲ့ ရသလို နေတတ်ပါ များလာ တယ်။ ဒါကြောင့် ပြင်းပြတဲ့ မာန်ဟုန်တစ်ခုနဲ့ တလက်လက် ထနေတဲ့ ရွေ့လျားမှု အလှတရားဆိုတာ ကျွန်မမှာ မရှိတော့ဘူး။ တစ်ခါတလေ ကိုယ့်ရဲ့ငြိမ်သက်မှုကို ကိုယ်ကိုယ်တိုင် အံ့ဩမိတယ်။ ဦးချိမ့် ကဗျာထဲ ကလို ဖုန်းခေါ်ဆိုမှု တစ်ခုတလေရမှ ကိုယ်ရှိကြောင်း ကိုယ် ပြန်သိရ သလိုမျိုး။ လူဆိုတာ လှုပ်ခတ်မှုလေး တစ်ခုတော့ ရှိသင့်တယ် မဟုတ် လား။

သစ်ရွက်လို ကြွေကြည့်ချင်တယ်။ မြေကပ် မြက်ပင်လေးတွေလို အခြေကနေ အဖျားထိပ်လေး တွေအထိ တယိမ်းယိမ်းနဲ့ လေမှာ နွဲ့ကြည့် ချင်တယ်။ ကလေးတစ်ယောက်ရဲ့ ရယ်သံသေးသေးလေး ဖြစ်ကြည့်ချင် တယ်။ ဒါမှမဟုတ်ရင် နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း … အဲဒီ ရာသီ စက်ဝန်း လေးခုထဲက တစ်ခုခု ဖြစ်ကြည့်ချင်တယ်။

မိုးရွာသလို၊ တိမ်တွေ တောင်တွေလို၊ နှင်းဆီအနီရဲရဲလို၊ ကားဘီရိတ်အုပ်သံလို၊ မွန်ရိုး နှုတ်ခမ်းလို၊ ပင်လယ်လှိုင်းသံလို အရှိန်ပြင်းတဲ့ တုန်ခါမှု တစ်ခုခုလည်း ဖြစ်ကြည့်ချင်တယ်။

ဘယ်အရာက ကျွန်မနဲ့ ပိုပြီး လိုက်ဖက်မလဲ။

သင့်တော်ရာ လုပ်ခတ်မှုများကို ရွေးချယ် ဝယ်ယူနိုင်ပါပြီ ဆိုပြီး ပါကင်ထုပ်လှလှလေးတွေ ထုပ်ပိုးပြီး၊ စူပါမားကက်တွေပေါ်မှာ တင် ရောင်းရင်တော့ ကျွန်မ ဒီလောက် စဉ်းစားရမယ် မထင်ဘူး။

ဆိုပေမဲ့။ ငယ်ငယ်ကတည်းက စွဲလမ်းခဲ့တာက မပုကြွယ်ရဲ့ ခရု ငယ်လေ ...။

ဩဂုတ် ၁၃၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ – ၉

ဘယ်လိုဖြစ်သွားသလဲ မသိဘူး။ ***ခု ဒီစာသားတွေကို သိမ်ငယ် စိတ်နဲ့ ရေးမိတာပါ*** ဆိုတဲ့ ကိုရှိန်ဝါရဲ့ စာသားကို ဖတ်မိသွားပြီး မျက်ရည်တွေ ကျလာတယ်။ နှင်းလျှောစီးသမားတစ်ယောက် နှင်းထဲ မြုပ်နေတဲ့ သစ်ကိုင်းခြောက်လေးနဲ့ ငြိမိပြီး တလိမ့်ခေါက်ကွေး လွင့်စဉ်သွားသလိုမျိုး နာကျင်သွားမိတယ်။ မတော်တဆပါလို့ ပြောလည်း ဒီသစ်ကိုင်း ခြောက်လေးဟာ ဒီလမ်းမှာ ရှိကို ရှိနေခဲ့တာလေ။

ကိုယ့်ကိုယ်ကိုယ် သေးသေးလေး ဖြစ်သွားတဲ့ ခံစားမှုမျိုးကို ခံစားဖူးမှာပေါ့။ ငါက အဆင်ပြေပါ့မလား၊ ငါ လုပ်မှ လုပ်နိုင်ပါ့မလား၊ ငါ့ကို လက်ခံပါ့မလားဆိုတဲ့ တရစပ် မေးခွန်းတွေရဲ့ အရှိန်နဲ့ လာဆောင့်တာ ကိုလည်း ကြုံဖူးမှာပေါ့။ လက်တွေ့တွေချည်း ဖြေဆိုခဲ့ရတာတွေ များလာ တော့ လူဟာ လူပဲ အတူတူပဲတို့၊ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ် ဆိုတာတို့ကို အယုံအကြည် မရှိတော့ဘူး။

မြေကြီးဟာ သစ်ရွက်ကို ခူးလို့ မရဘူး။ ကြွေကျမယ့် အချိန်ကိုပဲ စောင့်ရတာ။ ကိုယ့်ကိုယ်ကိုယ် မြေကြီးလို့ သတ်မှတ်ခံစားရပြီးတဲ့ နောက်ပိုင်းမှာ ကျွန်မက လေပေါ်ပျံဖို့ မဝံ့ရဲတော့ဘူး။ လေပေါ် ရောက်နေတယ် ဆိုဦးတော့ ကျွန်မမှာ မြေကြီးနံ့က ရှိနေသေးတာ။ အဲဒီအနံ့ကို ကျွန်မ နှာခေါင်းက အမြဲ အလွတ်ရနေတာ။ အမြင့်ပျံငှက်တွေရော သူတို့ ကောင်းကင်မှာ ပျံသန်းနေရတာ ပျော်ကြသလား ကျွန်မ သိချင်တယ်။

ပြောင်းလဲဖို့ ကြိုးစားရတဲ့အခါတိုင်း၊ စိမ်းကားသော အရပ်တစ်ပါး တွေမှာ အပြုံးကို ချိတ်ဆွဲပြီး တိုးဝှေ့လျှောက်ရတဲ့အခါတိုင်း ကျွန်မလေ မြေမှုန်လို လွင့်ပျောက်သွားချင်တယ်။ မအောင်မြင်တာတွေ များလာတော့ စိတ်အင်အား ကုန်ခန်းနေပြီဆိုပြီး ပြောချင်လည်း ပြောကြပါစေ။ အမြင့်ပျံလိုက်၊ ပျက်ကျလိုက်ဖြစ်နေတာ ကျွန်မ တစ်ယောက်တည်းတော့ မဟုတ်လောက်ဘူး ထင်တာပဲ။

အမေကတော့ ကျွန်မမှာ အကြောက်တရား သိပ်နည်းတယ်လို့ အမြဲ ပြောတယ်။ အမေ့ကို အမေရေ … သမီး ကြောက်တယ်လို့ တစ်ခါမှ မပြောခဲ့မိဘူး ထင်တယ်။

စက်တင်ဘာ ၄၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၁၀

စာတွေ ဖတ်ဖြစ်တယ်။ ဖတ်ဖြစ်တယ် ဆိုတာထက် ဖတ်ပြဖြစ်တာ ပေါ့။ ညရောက်လို့ တစ်အိမ်လုံး အိပ်မောကျသွားတဲ့အချိန်ဆို ကျွန်မ စာစဖတ်ပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ရေဒီယိုအစီအစဉ် တင်ဆက်သူလိုလို ဘာလိုလို ထင်ပစ်လိုက်တယ်။ တကယ်ဆို ကြားခံပစ္စည်းတစ်ခုခု (ဥပမာ၊ microphone, phone, recorder) ကို ဖြတ်ပြီးထွက်လာတဲ့ ကျွန်မ အသံဟာ ဟာ သိပ်တော့ နားထောင်လို့ မကောင်းပါဘူး။ ဒါပေမဲ့လည်း ဖတ်ပြဖြစ် တယ်။

အခြားသူတစ်ယောက်ရဲ့ အသံကို ကြားခံပြုပြီးမှ စာအုပ်တစ်အုပ်၊ အကြောင်းအရာတစ်ခုကို သိခွင့်ရနိုင်မယ့် လူတွေအတွက်တော့ ကျွန်မရဲ့ အသံဟာ အထောက်အကူပြုနိုင်မှာပါ။

နားထောင်မယ့်သူကတော့ ဘယ်လို ရှိမယ် မသိဘူး။ ကျွန်မကတော့ ကိုယ့်သဘောနဲ့ကိုယ် အတော် လေး သဘောကျနေမိတယ်။ တိတ်ဆိတ်နေတဲ့ အချိန်မှာ စာဖတ်သံ တစ်ခုတည်း ထွက်လာတာမျိုးဟာ ကျွန်မကို နေလို့ကောင်းစေတယ်။

ညရဲ့ ငြိမ်သက်မှုကလည်း ကျွန်မကို မအေးစက်စေတော့ဘူး။ စာဖတ်နေရင်း ဘာကို တွေးမိသလဲ သိလား။ လောကကြီးက မတရားဘူးဆိုတာ တကယ်ကို တရားတဲ့ စကားပဲလို့ တွေးမိတာပဲ။ ဘယ်သူမှတော့ အနာမကင်းဘူးပေါ့။ ဒါကို ကျွန်မ သဘောပေါက်ပါတယ်။ လစ်ဟာမှုတွေ၊ ဆုံးရှုံးမှုတွေဟာ တချို့အတွက်တော့ လမ်း တစ်ဝက်မှာ ရတာ။ တချို့အတွက်ကတော့ မွေးဖွားကတည်းက ရလာတာ။ ဒါကြောင့်လည်း စာတွေ ဖတ်ဖြစ်သွားတာ။ ကျွန်မအသံဟာ အလင်းပေါက် တစ်ပေါက် ဖြစ်သွားနိုင်တာပဲ ဆိုတဲ့ ခပ်မြင့်မြင့် လောဘ နဲ့ပေါ့။

ကျွန်မအသံဟာ တစ်နေရာရာမှာ ရှိနေတယ်ဆိုတဲ့ အတွေးနဲ့လည်း ပျော်ရသေးတယ်။ လူတစ်ယောက်ကို စိတ်လိုလက်ရ စကားပြောရတာ နဲ့ အခုလို စာဖတ်ပြရတာနဲ့ဟာ ကျွန်မအတွက်တော့ သံတူကြောင်းကွဲတဲ့ ဘာသာစကားတစ်ခုလိုပါပဲ။ ကျွန်မကို ပျော်ပါးစေတယ်။ တစ်ဖက် ကိုလည်း ပျော်ပါးပါစေဆိုတဲ့ ယုံကြည်မှုလေးလည်း ပါတယ်။

ဥပမာ၊ အောင်ချိမ့် ရေးတဲ့ ခင်ဝမ်းအကြောင်းကို ဖတ်ပြတုန်းက ကျွန်မအသံရဲ့ တုန်ခါမှုကို မထိန်းနိုင်ခဲ့ဘူး။ အထပ်ထပ် ပြန်ဖတ်ခဲ့ရတယ်။ လွမ်းစရာ ပြည်မြို့လေးမှာ ခင်ဝမ်းဟာ မိသားစုကိုခေါ်ပြီး ရော ဝတီ သောင်ပြင်တစ်လျှောက်

လမ်းလျှောက်လေ့ ရှိတယ်။ တယော တစ်လက်နဲ့ တယောလေးထိုးပြီး ခင်ဝမ်းမိသားစုရဲ့ ညနေခင်း လမ်းလျှောက်ချိန်ကို အောင်ချိမ့်က ရေးပြ ပြောပြတာကိုပဲ ကျွန်မမှာ နေမထိထိုင်မသာ လွမ်းရလွန်းလို့ စာဖတ်ရတာ တကယ် ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမြင်ကွင်းလေးကို စိတ်နဲ့မှန်းပြီး ရုပ်ပုံထင်လာအောင် ဖတ်ပြ ဖြစ်တယ်။ နားထောင်သူလည်း ကျွန်မအတိုင်း ရှိမှာပါပဲ။ ရှိပါစေလို့ မျှော်လင့်ပါတယ်။

အဲဒါလေးပါ။ အရေးတကြီးကိစ္စတော့ မဟုတ်ပါဘူး။ နေ့စဉ်လို လုပ်ဖြစ်နေတာလေးကို ပြောပြချင်စိတ် ပေါ်လာလို့။

ပြီးတော့လေ...

အဆင်ပြေတဲ့ တစ်ရက် ဂျူးရဲ့ မြရဲ့ လ”ကို အသံသွင်းပြီး ပို့ပေးဦး မယ်။ မိုးအကုန် ဆောင်းအကူး အချိန်လေးလောက်မှာပေါ့။

စက်တင်ဘာ ၁၀၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၁၁

ဟိုတစ်နေ့က facebook ပေါ်မှာ ဓာတ်ပုံလေးတစ်ပုံ တွေ့တယ်။ အသိမောင်လေးတစ်ယောက် ရိုက်ထားတဲ့ ပုံပါပဲ။ ကောင်းကင်အပြာ ရင့် နောက်ခံရယ်၊ တိမ်တွေရယ်၊ နေကြာရိုင်းတွေရယ်။ တစ်ပုံတည်းမှာ ချစ်ရတဲ့အရာ သုံးခု သွားဆုံနေတော့ ဓာတ်ပုံလေးကို ခွင့်တောင်းပြီး သိမ်းထားမိတယ် ဓာတ်ပုံထဲမှာ နေကြာရိုင်းတွေက လင်းထိန်နေအောင် လှနေတာ။ တစ်ပြိုင်နက်တည်း ပွင့်နေကြတာ။ နောက်ကျကျန်ခဲ့တဲ့ ပန်း မရှိသလို၊ ခွေဖျော့သွားတဲ့ ပန်း မရှိသလိုကို ပွင့်နေကြတာ။ အဲဒီလို ကြည်ပြာနေတဲ့ ကောင်းကင်ကြီး အောက်မှာလေ။ ကျွန်မမှာ အားရလိုက် တာ။ အဲဒီနေရာကို အပြေးသွားချင်စိတ်ကို ဖြစ်မိတာပဲ။ သိတယ် မဟုတ်လား။ စိတ်ထဲ အားရဝမ်းသာဖြစ်တဲ့အခါ တစ်ယောက်ယောက်ကို ပြောပြ ချင်စိတ်ဖြစ်မိတာမျိုးလေ။

အဲဒါ ခေါင်းထဲ တစ်ယောက်မက ရောက်လာတယ်။ ရောက်လာတဲ့ လူတွေကလည်း မိန်းမတွေ ချည်းပဲ။ အဲဒီမိန်းမတွေကလည်း မြေပျော့ပျော့မှာ ကုပ်တွယ် ရပ်တည်နေရတဲ့ မိန်းမတွေချည်း ဖြစ်နေတယ်။ ကျွန်မလေ အဲဒီ နေကြာရိုင်းတွေဆီကို အဲဒီမိန်းမတွေနဲ့ သွားချင်တာ။

ထူးဆန်းမနေဘူးလား။ တကယ်ဆို ဒီလို လှတဲ့ အခင်းအကျင်းမျိုးက ချစ်တဲ့သူနဲ့ စက်ဘီးလေးစီးရင်းပဲ ဖြစ်ဖြစ်၊ လက်တွဲပြီး လမ်း လျှောက်ရင်းပဲဖြစ်ဖြစ် သွားရမယ့်လမ်း မဟုတ်လား။ ဒါပေမဲ့ ကျွန်မ တွေးမိတာ၊ ကျွန်မ အတူသွားချင်မိတာ အဲဒီမိန်းမတွေပဲ ဖြစ်နေတယ်။ အဲဒီ အလေ့ကျပေါက်နေတဲ့ နေကြာရိုင်းတွေကို ခေါ်ပြချင်တာ။

အဲဒီမိန်းမတွေဆိုတာ ကျွန်မဆီ မတူတဲ့ လမ်းကြောင်းတွေကနေ မတူတဲ့ ဇာတ်လမ်းကိုယ်စီနဲ့ ရောက်လာကြတာ။ သာမန်လို့ ထင်ထားတဲ့ လူတွေက သာမန်ထက် များနေတာ တွေ့ရသလို တင်းမာတဲ့ အရေပြားအောက်က လှိုက်ပျော့နေတဲ့ လေဟာနယ်တချို့ကိုလည်း သိခွင့်ရလိုက်တယ်။

နေကြာရိုင်းတွေလိုပေါ့။ ရိုးတံသေးသေး ပျော့ပျော့လေးနဲ့ ပွင့်ချပ် တွေကို ထိန်းထားရသလိုပေါ့။

ကျွန်မ နားလည်တာပေါ့။ သမီးတစ်ယောက် ဘဝ။ ချစ်သူ မိန်း ကလေးဘဝ။ အိမ်ထောင်ရှင်မ ဘဝ။ မိခင် ဘဝ။ ချစ်တတ်ပြီး တာဝန်နဲ့ ကျေးဇူးတရားကို သိတဲ့ မိန်းမတွေရဲ့ ဘဝတွေကိုလေ။ ထားပါလေ။ ဒီခရီးတွေဆိုတာ ယောက်ျားဖြစ်ဖြစ်၊

မိန်းမဖြစ်ဖြစ် ဖြတ်သန်းရတာချည်း ပါပဲ။ လမ်းတွေတော့ နည်းနည်း ကွဲတာပေါ့။

ကျွန်မလည်း စွမ်းအားရှင်မှ မဟုတ်တာ။ ကိုယ်တောင် ခဏခဏ ခိုက်မိနေတာ သူများဒဏ်ရာ ဘယ်ကုပေးနိုင်မလဲ။ ဒဏ်ရာချင်း တိုင်းပြီး ငါတော့ သူ့လောက် မနာသေးဘူး၊ ငါကတော့ သူ့ထက် ပိုခံနိုင်တယ် ဆိုပြီးပဲ တွေးနေရတာ။ ဒါကြောင့် စိတ်ထဲလည်း အဲဒီမိန်းမတွေ ပေါ်လာ တာ ဖြစ်မယ်။

ကဲ ... ခရီးထွက်ကြမယ်ဟေ့ ဆိုပြီးပဲ အုပ်စုလိုက် နေကြာရိုင်းတွေဆီ သွားချင်တာ။ တစ်လမ်းလုံး ကိုယ့်ဒဏ်ရာလေးတွေ ကိုယ် ဟာသလုပ်ပြီး ပြောသွားကြမယ်ပေါ့။

စိတ်ကူးက အဲဒီလိုပါဆို။

ဒါကြောင့် စိတ်ထဲ ရှိလို့ပဲဖြစ်ဖြစ်၊ မရှိလို့ပဲဖြစ်ဖြစ် အလကား မိန်းမတွေပါလို့ မပြောမိအောင် နေစေ့ချင်တယ်။ ဘာလို့ဆို အဲဒီစကား ကြားရတိုင်း သြော် ... သူ့ခမျာ အလကား မိန်းမတွေပဲ တွေ့ဖူးရှာတယ်လို့ ထင်မိသွားလို့လေ ...။

အောက်တိုဘာ ၁၀၊ ၂၀၁၉

လွမ်းလို့ ရေးတဲ့စာ - ၁၂

မီးခလုတ် ပိတ်ပြီးပြီလား၊ တံခါး ချက်ထိုးပြီးပြီလားတို့ကို နှစ်ခါ ပြန်ကြည့်ရတဲ့ ဝေဝါးမှုဟာ စိတ်ဝေဒနာ အနုစားလေးတွေလို့ ကြားဖူးတယ်။ ဘာကြောင့်ရယ်လို့တော့ မသိပါဘူး။ အဲဒီလို ခဏခဏ ဖြစ်တတ် တယ်။ အခုလည်း အဲဒီလို ဆင်တူတာမျိုး ဖြစ်နေတယ်။ မီးခလုတ် ပိတ် တာ၊ တံခါး ချက်ထိုးတာ မဟုတ်ဘဲ ပျော်တာ၊ မပျော်တာကို ဝေဝါးလာ တယ်။ ကြည်ကြည်သာသာ ပျော်ရွှင်နေရင်းနဲ့မှ ဒါက ဟုတ်ရော ဟုတ်ရဲ့လားဆိုပြီး ပျော်တဲ့ ဘီးကို ဘရိတ်အုပ်လိုက်သလို တန့်တန့်သွားတယ်။ အားလုံး အဆင်ပြေနေပြီ ဆိုတာ ဟုတ်ရော ဟုတ်ရဲ့လားပေါ့။

အဲဒီ ဟုတ်ရောဟုတ်ရဲ့လား ဆိုတာက အလွယ်တကူ တွေးဖြစ်နေ တဲ့အရာ ဖြစ်ဖြစ်လာတယ်။ အရင်တုန်းကတော့ ဒီမေးခွန်းကို စေ့စပ်သေချာမှု တစ်မျိုးလို့ ထင်ခဲ့တာ။ ဒါပေမဲ့ မကြာမကြာ တွေ့လာရတော့ စေ့စပ်သေချာမှုမဟုတ်ဘဲ မလုံခြုံမှုရဲ့ ဘေးထွက်ဆိုးကျိုးများလားလို့ ထင်လာမိတယ်။ ဟုတ်ရောဟုတ်ရဲ့လား ဆိုတာတွေက ဒီအသက်အရွယ်မှာ ဘယ်လောက်ထိ ပါဝင်ခဲ့ပြီလဲ ဆိုတာကို ပြန်မတွေးရဲဘူး။

ဘာတွေကို စိုးရိမ်နေတာလဲလို့ မေးစရာရှိပြန်ရင်လည်း ဘာမှမစိုးရိမ်ပါဘူးလို့ ဖြေရမှာပဲ။ ကိုယ် လုပ်ခဲ့တာတွေ ကိုယ် သိတယ် မဟုတ်လားလို့ ဆိုပြန်ရင်လည်း ဟုတ်တယ်၊ သိတယ်လို့ ဖြေရမှာပဲ။ ဒါဆို သွားလေ၊ ဆက်လျှောက်လေ၊ ပျော်လေ ဆိုပြီး ပြောရင်တော့ ခြေလှမ်းတွေက သိပ်မသွက်တော့ဘူးလို့ ဖြေရလိမ့်မယ် ထင်တယ်။

ဘာမှန်းမသိတဲ့ အခြေအနေတစ်ခုက စောင့်ကြည့်နေသလို ခံစား နေရတယ်။ အလစ်အငိုက် ဖမ်းပြီး ဆောင့်တွန်းခဲ့တဲ့ လက်တွေကြောင့် ထင်ပါတယ်။ ဝင်လိုက်ထွက်လိုက် ငှက်တွေကြောင့် ထင်ပါတယ်။ ဒါမျိုး တွေ ကြုံဖူးပါတယ်ဆိုပြီး အရေထူထူလာတော့ ခြေလှမ်းတွေက လေးလေး လာတာ သတိမထားမိလိုက်ဘူး။ ရင့်ကျက်လာတယ်နော်လို့ ပြောကြ တာ အတော်ခံခဲ့ရဖူးပြီပဲလို့ သွယ်ဝိုက်ပြောခြင်း တစ်မျိုးပါပဲ။

အခုပဲ ကြည့်။ ကျွန်မ အရမ်းကို နေလို့ကောင်းနေတယ်။ နေ့တိုင်း လိုလို မရယ်မိတဲ့နေ့ မရှိဘူးလို့ ပြောလို့ရတယ်။ indoor plant လေး တစ်ပင်လို အထိအခိုက်ကင်းကင်း နေနိုင်နေတယ်။ အစားစားချင်စိတ် ဖြစ်တယ်။ ပြုံးပြဖို့ အဆင်သင့်ဖြစ်နေတယ်။ တော်တော်ဝေးဝေးအထိ လမ်းလျှောက်နိုင်တယ်။ အိပ်ပျော်တယ်။ အဲဒါကိုပဲ ဟုတ်ရော ဟုတ်ရဲ့ လား ဆိုတဲ့ ဘရိတ်ကြီးကို

နင်းမိနေတယ်။ ကျွဲခနဲ ရပ်သွားပြီးမှ ဩော် ... ငါ လုံခြုံနေတယ်၊ ပျော်နေတယ်ဆိုပြီး ဘီးကို ပြန်ပြန်လှိမ့်နေရတယ်။

တချို့က အတိတ်ကို ပြန်ဆွေးကြတယ်။ ပျော်အောင် နေနေရပါ တယ် ပြောကြတယ်။ ပျော်စရာတွေ နည်းလာပြီလို့လည်း လေပြည်သွေး ကြတယ်။ တချို့ကလည်း တို့ကတော့ ပျော်ပျော်ပဲဟေ့လို့ အော်ကြတယ်။ တကယ် ပျော်နေကြတာလည်း ဖြစ်နိုင်ပါတယ်။ ပျော်ကျသွားမှာ စိုးလို့ ပျော်ပြနေတာလည်း ဖြစ်နိုင်ပါတယ်။

ဦးချိမ့်ကတော့ ဘယ်သူမှ တကယ်ပျော်မနေပါဘူး သမီးရာလို့ တစ်ခါက ပြောဖူးတယ်။

ကျွန်မရဲ့ ဟုတ်ရော ဟုတ်ရဲ့လား ဆိုတာကြီးက သူတို့ဆီလည်း ရောက်တယ် ထင်တယ် ...။

နိုဝင်ဘာ ၁၁၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၁၃

ဒီစကားကို ပြောမှ ဖြစ်မယ် ထင်လို့ပါ။ အဖေ အနားမှာ မရှိတော့ ကတည်းက ဘယ်ယောကျ်ားကိုမှ စိတ်ချလက်ချ မချစ်ရဲတော့ဘူး။ ဆေးကုဖို့အထိလည်း မရောက် အခုထိလည်း မပျောက်သေးတဲ့ စိတ် ဖျားနာမှု တစ်ခုပေါ့လေ။ မအောင်မြင်တဲ့ ချစ်ခဲ့ခြင်းတွေက ကျွန်မအတွက် အနာတရ ဆိုတာထက် ဝေဝါးမှုတွေကိုပဲ ပိုဖြစ်စေတယ်။ ဘာကြောင့် လဲလို့ အဖြေရှာတိုင်း ကျွန်မရဲ့ မြူတွေကိုပဲ တွေ့ရတာ များပါတယ်။ အနားမှာ ရှိနေတာကိုပဲ တစ်နေ့ ထွက်သွားမှာပါဆိုတဲ့ အတွေးတွေနဲ့ အက်ကြောင်းတွေကို ကျွန်မကပဲ စခဲ့တယ် ထင်ပါတယ်။ သိပ်နီးကပ်လွန်းလာရင် ကျွန်မ ကြောက်လာရော။ ချောင်ကြိုချောင်ကြား ကနေ တိုးဝှေ့ထွက်လာတဲ့ လေအေးတွေလို ကျွန်မကို ယိမ်းယိုင် စေတော့တာပဲ။ ကိုယ့်ကိုယ်ကိုယ်လည်း သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ချစ်မြတ်နိုးဖွယ်ရာ အမျိုးသမီး ဖြစ်မလာနိုင်ဘူးလို့ ထင်နေတယ်။ အမှိုက်လို ဖြစ်သွားမလားဆိုတဲ့ စိုးထိတ်မှုတွေ၊ မချစ်တော့ဘူး ထင်ပါတယ်ဆိုတဲ့ သိမ်ငယ်အတွေးတွေကို ကျွန်မ မတွေးချင်ဘူး။ ဆက်ချစ်ပေးနိုင်ဖို့ကို လည်း ကျွန်မက ထိန်းမထားနိုင်ပြန်ဘူး။

ကျွန်မ စိတ်နဲ့ခန္ဓာကို ချိုးခေါက်ထည့်ထားဖို့ လုံခြုံတဲ့ အံဆွဲ အကန့်လေးကို ရှာလို့ မတွေ့နိုင်သေးဘူး။ ဒါ ကျွန်မရဲ့ ရောဂါပဲ။ ကျွန်မရဲ့ စိတ်မလုံခြုံမှု တစ်ခုပဲ။ တစ်ပါးသူကို အထိအခိုက်မဖြစ်အောင် တတ် နိုင်သလောက် နေခဲ့ပေမဲ့ ကျွန်မကို ချစ်မြတ်နိုးခဲ့တဲ့ ယောကျ်ားတွေက တော့ နာကျင်ခဲ့မယ် ထင်ပါတယ်။ ကျွန်မရဲ့ မလုံခြုံမှု ဆူးတွေဟာ သူတို့ကို အနည်းအကျဉ်းသော်လည်းကောင်း၊ တော်တော်များများ သော်လည်းကောင်း ဆူးခဲ့ပါလိမ့်မယ်။ ဘာဖြစ်တာလဲဆိုတဲ့ နားမလည်မှု တစ်ခုကို ကျွန်မလည်း ရှင်းမပြနိုင်ခဲ့ပါဘူး။

ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ ခဏခဏ ပျောက်ပျောက်သွား တတ်လို့ လက်ကို လုံးဝမလွှတ်ပါ နဲ့၊ လွှတ်သွားခဲ့ရင်တောင် လိုက်ရှာပါ ဆိုပြီး အချစ်ခံချင်တဲ့ စိတ်ရောဂါ အနုစားကလည်း ရှိနေတယ်။ ချည် နှောင်ထားခြင်းကို မနှစ်မြို့ လက်မခံနိုင်တဲ့ စိတ်အခြေအနေ တစ်ခုကလည်း ရှိနေတယ်။ ဒီကြားကာလတွေထဲ ဝင်ရောက်လာရတဲ့ ယောကျ်ား တစ်ယောက်ရဲ့ နေရာထိုင်ခင်း မကျမှုကို ကျွန်မ အပြစ်မဖို့ပါဘူး။

တကယ်တော့ ကျွန်မ ဘယ်ရောက်ရောက်၊ ဘယ်ထောင့်မှာ ခွေ နေနေ တွေ့အောင်ရှာဖို့၊ တစ်ခါ ချစ်ဖို့အရေး ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတဲ့ ကျွန်မလက်ကို ဆွဲဖမ်းမိဖို့ဆိုတာ မဖြစ်နိုင်ဘူး မဟုတ်လား။ အနည်းငယ်တော့

တုန်လှုပ်မိတာပေါ့လေ။ ကျွန်မ အချစ်ရေးကိုပေါ့လေ။ ကျွန်မရဲ့ ကံကြမ္မာကိုပေါ့လေ ...။

နိုဝင်ဘာ ၂၈၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၁၄

ဒီရက်တွေ အေးတယ်။ တရုတ်က လာတဲ့ လေအေးတွေကြောင့်တဲ့။ ဆောင်းက ဆောင်းပီသ လာတာပေါ့။ ကောင်းပါတယ်။ တကယ်တော့လေ... ဆောင်းရောက်ပြီဆိုရင် ဆောင်တော်ကူးတွေအကြောင်း ပြောပြချင်တာ။ အခုတော့ ဝမ်းနည်းဖွယ်ရာတစ်ခုက ငါးရိုးစူးသလို ကန့်လန့်လာခံနေတယ်။ ကျွန်မ စိတ်မကောင်း ဖြစ်ရတယ်။ ဇော်ဇော် အောင် ပြောသလိုပဲ။ ကျွန်တော့်နိုင်ငံဟာ ကံမကောင်း အကြောင်းမလှ ဘူး။ ကျွန်တော်လည်း ကံမကောင်း အကြောင်းမလှစွာ ဒီနိုင်ငံမှာ ဇော်ဇော် အောင် လာဖြစ်နေရတယ် ဆိုသလိုမျိုးပါပဲ။

လူတစ်ယောက်ရဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုမှာ သူ့နိုင်ငံရဲ့ အခြေအနေကလည်း အချိုးကျ ပါဝင် ပတ်သက်နေရတာပဲ။ ကျွန်မတို့ဟာ ဇာတိကို ခြေဖျက်လို့ မရဘူးလေ။ အရှေ့ကိုပဲကြည့်ကြည့်၊ အနောက် ကိုပဲကြည့်ကြည့်၊ ဘယ်ထောင့်ကိုပဲကြည့်ကြည့် ကျွန်မရဲ့ နိုင်ငံလေးဟာ သိပ်ကို သေးငယ် နိမ့်ပါးလွန်းနေတာ။ မကောင်းဆိုးဝါးကလည်း ပေါများသေးတာ။

ဦးနှောက်ရဲ့ ခံစားသိမြင်မှုတက်လာလေ ဒဏ်ရာတွေ တိုးလာ လေပဲ။ အဲဒီလိုနဲ့ ရယ်မောခြင်း အတတ်ပညာလည်း တိုးလာတာပဲ။ ကျွန်မရဲ့နိုင်ငံလေးမှာ ငိုသံဟာ လေထဲက အောက်ဆီဂျင်ကို ရှူရသလိုပဲ။ သမားရိုးကျပဲ။ ပုံမှန် လက်ဖက်ရည်တစ်ခွက်လိုပဲ။ ဒါကြောင့် ကျွန်မတို့ ဟာ ဘဝပေး အသိအရ ဟာသဉာဏ် ရွှင်ကြရတယ်။ ဒဏ်ရာအနာကို အောင့်ထားပြီး ရယ်စရာလုပ် ပြောရတာကို ကျွန်မတို့ ကျွမ်းကျင်ကြတယ်။

ကျွန်မလည်း ထိုနည်းလည်းကောင်း ရှင်သန် လည်ပတ်နေရတာ ပဲ။ ရယ်ပစ်လိုက်ရင် ဒဏ်ရာတွေ ပျောက်သွားတာတော့ ဘယ်ဟုတ်မလဲ။ ဝမ်းနည်းစရာတွေဟာ ဝမ်းနည်းဖွယ်ရာအတိုင်း ရှိနေကြတာပါပဲ။ တောင်ပုံယာပုံပါပဲ။ ဒီလိုပဲ ကျော်ခွသွားလို့ ရရင်လည်းသွား၊ ရှောင်သွားလို့ မရရင်လည်း တည့်တည့် တိုးကြပေါ့လေ။

မအောင်မြင်တဲ့ နိုင်ငံလေးကနေ ဘယ်မှ ထွက်သွားဖို့လည်း စိတ်ကူးမရှိပါဘူး။ အသံတိတ်တိတ်နေ။ ပန်းတွေ ကြည့်။ ကဗျာတွေ ဖတ်ပြီး နွေ၊ မိုး၊ ဆောင်း ပြောင်းတာကို ထိုင်ကြည့်နေလိုက်တာပဲ။ ကျွန်မ သေသွားရင်လည်း ဒီ မအောင်မြင်တဲ့ နိုင်ငံလေးရဲ့ မြေထုချပ်တွေ အောက်မှာပဲ ခန္ဓာကိုယ်ကို စွန့်လိုက်မယ်။ ဒါမှမဟုတ် ကျွန်မ အရိုးပြာ တွေကို မအောင်မြင်တဲ့ နိုင်ငံလေးရဲ့ လေထုထဲ ပစ်သွင်းလိုက်မယ်။

ကျွန်မ အဆင်ပြေမှာပါ။ ဘာမှ ဖြစ်မလာတာကိုပဲ ချစ်တတ်ခဲ့တာ ဖြင့် ကြာခဲ့ပြီလေ …။

ဒီဇင်ဘာ ၁၁၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၁၅

သီချင်းဆိုရတာ ကြိုက်လား။ သီချင်းတစ်ပုဒ်ကို နှစ်နှစ်ကာကာ ခံစားဖူးသလား။ ယောက်ျားတွေ သီချင်းတညည်းညည်းနဲ့ လမ်းလျှောက် ကြတဲ့ ခေတ်ကြီးကို ကျွန်မ လွမ်းနေလို့ပါ။

ပြောပြရဦးမယ်။ ကျွန်မ အိမ်မှာ ယုဇနပင်လေးတစ်ပင် ရှိခဲ့ဖူး တယ်။ ကျွန်မက ငယ်ငယ်ကတည်းက အဆော့မသန်တဲ့ ကလေးမို့ ခုန်ပေါက်ကစားခြင်းမျိုးတွေ သိပ်မလုပ်ခဲ့ဘူး။ ဆိုတော့ ကျွန်မ ငယ်ဘဝက ဘာလဲဆို သစ်ပင်ပေါ်မှာ ထိုင်နေခဲ့တာလို့ပဲ ဖြေရမှာ။ သစ်ပင်ပေါ်မှာ ထိုင်ပြီး လမ်းကို ငေးရတာမျိုးဟာ ကျွန်မ အနှစ်သက်ဆုံး ကစားနည်းပဲ။ အဲဒီ ယုဇနပင်လေးဟာ ကျွန်မရဲ့ခံတပ်ပဲ။

ကျွန်မ ငယ်ငယ်က အဲဒီယုဇနပင်လေးပေါ် ထိုင်နေရင်းနဲ့ လမ်း ပေါ် ဖြတ်သွားဖြတ်လာ မှန်သမျှ အကုန်ငေးတယ်။ မြင်ရသမျှ မြင်ကွင်း တွေထဲက အကြိုက်ဆုံးကို ပြောရရင် သီချင်းဆိုတဲ့ ယောက်ျားတွေပဲ။ အဲဒီကာလဟာ ယောက်ျားတွေ သီချင်းတွေ ညည်းရင်း လမ်းလျှောက်၊ စက်ဘီးစီးကြတဲ့ ကာလပေါ့။ (မိန်းမတွေ သီချင်းဆိုတာမျိုးက အိမ်ထဲ မှာပဲ ရှိတာလေ) ကျွန်မ သိပ်သဘောကျမိတာပဲ။ တချို့တွေကျ အဆို တော်တွေ ဆိုသလို အဝင်အထွက် မှန်မှန်နဲ့ သိပ်နားထောင်လို့ ကောင်း တယ်။ တချို့များကျ နားထောင်ရ အင်မတန် ဆိုးရွားတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ စိတ်လိုလက်ရ သီချင်းဆိုနေကြသူတွေ။

အဖေလည်း သီချင်းဆိုတယ်။ သူ့အပေါင်းအသင်းတွေနဲ့ ဆုံရင် အိမ်ရှေ့မြေကွက်လပ်လေးမှာ တစ်ဝိုင်း ဝိုင်းပြီး သီချင်းတွေ ဆိုကြတာပဲ။ ခေတ်ကြီးက ဒီလောက် မဆူသေးဘူးလေ။ ရပ်ကွက်ထဲက အစ်ကိုကြီးတွေ လမ်းထိပ်က အုတ်ခုံတွေမှာ သီချင်းဆိုကြတဲ့ အချိန်ပေါ့။ နွေညတွေဆို အဲဒီ သီချင်းဆိုသံတွေ ဟာ အေးမြခြင်းတစ်မျိုးပဲ။ ယောက်ျားတွေ လမ်းပေါ် သီချင်းဆိုကြတဲ့ ခေတ်ဟာ ကျွန်မရဲ့ မှတ်ဉာဏ်တွေထဲက အဝါ ရောင် အကန့်လေးတစ်ခုပဲ။ နွေးထွေးပြီး လင်းနေတာမျိုးလေ။

သီချင်းလေးဆိုရင်း လမ်းလျှောက်ကြတာမျိုးနဲ့ စက်ဘီးနင်းသွား တာမျိုးကို ဘယ်သူမှ အထူးအဆန်းလို ကြည့်မနေကြဘူး။ ဒါဟာ ရေအိတ်၊ သဲအိတ်လေးတွေ အိမ်မှာချိတ်ကြတဲ့ ခေတ်ကြီးက ယောက်ျားတွေရဲ့ ရင်သန်မှုပဲ။ စိတ်ညစ်လည်း သီချင်းဆိုတယ်။ ပျော်လည်း သီချင်းဆိုတယ်။ ကိုယ့်ရေဒီယိုလေး ကိုယ် လွှင့်ကြတဲ့ ခေတ်ပေါ့။ အဖေဆို မူးလာရင် သီချင်းလေး ညည်းနေတော့တာပဲ။ သူ

စိတ်ညစ်နေတာလား၊ ပျော်နေတာလား မခန့်မှန်းတတ်ခဲ့ပေမဲ့ သီချင်းသံကြားတိုင်း အဖေ ပျော်နေတယ်ပဲ မှတ်ခဲ့တယ်။ မျက်လုံးနဲ့ မြင်ပြီး နှလုံးသားနဲ့ ကြားခဲ့ရတဲ့ သီချင်းသည်တွေပေါ့။

အခုတော့ သိပ်မများတဲ့ အချိန်လေးအတွင်းမှာပဲ အများကြီး ပြောင်းသွားပြီ။ ကျွန်မလည်း သစ်ပင်ပေါ်ကနေ လမ်းကို ငေးလို့ မရတော့ဘူး။ ကြားခံ Smart Phone တစ်ခုကနေ ကမ္ဘာကို ငေးနေရပြီ။ ယောက်ျားတွေ ပျော်လား၊ မပျော်လား ကျွန်မ မျက်လုံးနဲ့ မမြင်ရတော့ဘူး။ အလှာတွေက ခံကုန်ပြီ။ လမ်းပေါ်ရောက်တိုင်း ငယ်ငယ်က မျက်လုံးမျိုးနဲ့ ရှာ ကြည့်သေးတယ်။ သီချင်းသည် တစ်ယောက်တလေများ တွေ့မလားပေါ့လေ။ အခုခေတ် အမျိုးသားတွေက သီချင်း မဆိုတတ်ကြတော့ဘူး ထင်တယ်။ ဒါမှမဟုတ် အသံတွေ အရမ်းဆူလာလို့ ကျွန်မ မကြားတော့ တာ ထင်တယ်။

သီချင်း ဆိုကြပါသေးတယ်။ အလုံပိတ် အခန်းတွေထဲ သီချင်းတွေ အော်ဟစ်ဆိုနေကြတာ ပျော်စရာကောင်းနေတာပဲလို့ ပြောမလို့ လား။ အဲဒါ မတူဘူး။ ကျွန်မ ပြောတဲ့ သီချင်းဆိုတယ် ဆိုတာက သူတို့ ကိုယ်တိုင်နဲ့ သူတစ်ဖက်သားအပေါ်ကို အန္တရာယ်မကျရောက်အောင် ကာကွယ်ထားကြတဲ့ သီချင်းဆိုသံမျိုးကို ပြောတာ …။

ဒီဇင်ဘာ ၂၂၊ ၂၀၁၉။

လွမ်းလို့ ရေးတဲ့စာ - ၁၆

စိတ်ရဲ့အခြေအနေတွေက ဥတုရာသီ မမှန်တော့ဘူး ထင်ပါတယ်။ တချို့နေရာတွေမှာ ကျပ်တည်း၊ တချို့နေရာတွေမှာ ကွက်လပ်၊ တချို့ နေရာတွေမှာ စိမ်းစို၊ တချို့နေရာတွေမှာတော့ လေဟာနယ်။ ပြီးတော့ ကျန်တဲ့တစ်ပိုင်းက သနားစိတ် နည်းပါးလာတယ်။ ပြောချင်တာက လူတွေ၊ အဖြစ်အပျက်တွေကို လိုက်သနားပေးနေရတာတွေ မလုပ်ချင် တော့တာ။ အသက်ကြီးလာလေ၊ အကျင့်မကောင်းလာလေ ဖြစ်နေပြီ လား မသိတော့ပါဘူး။

ကျွန်မကို နူးညံ့ ငြိမ်းအေးတယ်လို့ တစ်ယောက်ယောက် က ပြောလာရင် ပြန်ဖြေရှင်းရတာ အမောပါပဲ။ ကျွန်မ စိတ်ရဲ့ ပြတ်ရွေ့ကြော တွေကို လူတွေ မြင်အောင် မပြပေမဲ့ ကျွန်မမှာ အဲဒါတွေ ရှိပါတယ်လို့ တော့ သိစေချင်တာပါပဲ။

အခုလည်း ကြည့်။ သေနတ်ကျည်ကြောင့် မြင်မကောင်းတဲ့ ပုံစံ နဲ့ သေသွားရတဲ့ ကလေးလေးရဲ့ dead body ပုံလေးကို ထုံပေပေနဲ့ ကြည့်နိုင်ခဲ့ပြီး မောင်ဒေါင်းရဲ့ "တစ်တောလုံးကြွေ"ကိုကျ ဖတ်နေရင်းနဲ့ ဆက်မဖတ်နိုင်တော့လို့ ရပ်ထားရတယ်။ စိတ်ရဲ့ကြေကွဲမှုဟာ မြင်နေရတဲ့ နေ့စဉ်မြင်ကွင်းတွေမှာ မရှိတော့ဘူး။ ဘယ်ကို ရောက်ကုန်သလဲ ဆိုတော့ အရေးအသား တစ်ခုခုမှာ၊ ရုပ်ရှင်ပြကွက် တစ်ခုခုမှာ၊ သီချင်း စာသား တစ်ခုခုမှာ။ အဲဒီနေရာတွေမှာ ရောက်ကုန်ကြတာ။

ကျွန်မတော့ လေရူးတွေ တိုက်ခံနေရပြီ ထင်တာပဲ။ တစ်ယောက် ယောက်က သေဆုံးသွားပြန်ပြီ ဟော့လို့ ဆိုလိုက်တာနဲ့ အဲဒီသတင်းအပေါ် အသည်းတစ်ခုလောက် ပစ်ပေးချင်တဲ့စိတ်ကို မနည်း ထိန်း နေရတယ်။ သေကျေဆုံးရှုံးမှုကို မစာနာနိုင်တာ မဟုတ်ဘဲ သေဆုံးသွားတဲ့သူကိုသာ အသည်းပေးချင်တဲ့ စိတ်နဲ့ပါ။ ရော့ ... မင်းအသက်အတွက် ဆုဆိုပြီး တော့ကို ပေးပစ်ချင်နေတာ။ စိတ်ထဲ သေသင့်တယ်လို့ထင်တဲ့ အသက် တွေက ရှင်နေပြီး ဘာမှမသိနားမလည်တဲ့ အခြား အသက်ဓာတ်တွေက တဖြုတ်ဖြုတ်ဆိုတော့ ကျွန်မ ကြေကွဲမိတယ်။

အသက်ရှင်မှုကိုလည်း အလုပ်တစ်ခုလို့ မြင်လာတယ်။ အလုပ် ဆိုမှတော့ တက်ကြွတဲ့အခါလည်း ရှိ၊ ပျင်းရိငြီးငွေ့တာလည်း ရှိပေါ့။ ပျော်ရွှင်ခြင်းကတော့ အားလပ်ရက်ပေါ့။ အားလပ်ရက် ဆိုမှတော့ အမြဲ မရဘူးပေါ့။ ဒါကြောင့် ပျော်လား၊ မပျော်လား ဆိုတာတွေ မမေးချင် မဖြေချင်တော့ဘူး။ ခေတ်ကိုက လူတိုင်း အက်ပြဖို့ အသင့်ပြင်နေတာနဲ့ အက်ရာတွေကို ပြရတာနဲ့လေ။ နေ့စဉ်ဘဝမှာ တစ်ယောက်မကရဲ့ ကျကွဲ သံတွေကို ကြားနေရတာလည်း ထုံပေပေ ဖြစ်လာပါပြီ။

ဒီလို အခြေအနေမှာ ကျွန်မရဲ့ စိတ်ရာသီကလည်း ပုံမှန်လည်ပတ် ဖို့ မရနိုင်လောက်တော့ဘူး။ ဒီတော့ ကျွန်မက စာဖတ်ရင်း ငို၊ ရုပ်ရှင် ကြည့်ရင်း ငို၊ သီချင်းနားထောင်ရင်း ငို။ နေ့စဉ် ဝမ်းနည်းမှုဟာ မြား တစ်စင်းပဲ ထားလိုက်ပါတော့။ အဲဒီ ဝမ်းနည်းမှုကို ပစ်လွှတ်လိုက်တယ်။ တစ်နေရာရာမှာတော့ သွားစိုက်နေပါ လိမ့်မယ်။ ပစ်မှတ်ကိုတော့ မရွေး ချင်တော့ပါဘူး။ အဓိကက တစ်နေရာရာမှာ သွားစိုက်နေဖို့ပါပဲ။

ကျွန်မအတွက် လိုချင်တာဆိုရင် သစ်ပင်စိုက်ပြီး နေဖို့ ခြံတစ်ခြံ။

အများအတွက် လိုချင်တာဆိုရင်တော့ ကျွန်မရဲ့ မလှမ်းမကမ်းမှာ ကောင်း ကောင်း ရှင်နေဖို့ပဲ။ ဒါပါပဲ။

ကျွန်မလေ ကိုယ် မတတ်နိုင်တာ သေချာပြီဆိုရင် ဝမ်းမနည်းတော့ ဘူး။ စိတ်မကောင်းလည်း မဖြစ်တော့ဘူး။

ဇန်နဝါရီ ၂၀၊ ၂၀၂၀။

လွှမ်းလို့ ရေးတဲ့စာ - ၁၇

အခြေအနေမလှဘူး ဆိုတာကို ဘယ်လောက်ထိ နားလည်သလဲ။ အခု ကျွန်မအနားမှာ အသုံးတွင်လာတဲ့ စကားတစ်ခွန်း ရှိတယ်။ အဆင် ပြေမနေဘူးတဲ့။ သိတဲ့အတိုင်း ကပ်ရောဂါနဲ့ ဘက်စုံ ကျပ်တည်းမှုနဲ့ ကမ္ဘာကြီး မဟုတ်လား။ ကျွန်မလည်း ကိုယ်ကို ဖော့ထားနေရတယ်။

ရယ်ရပါတယ်။ ပြီးခဲ့တဲ့ ခြောက်လလောက်တုန်းက သေသွားခဲ့ရင်တောင် ဘာမှ မဖြစ်လောက်ဘူး ဆိုတဲ့ စိတ်နဲ့ နေခဲ့တယ်။ အဲဒီတုန်းက ရာသီကလည်း နွေမကၤ မိုးမကျလေး။ ဆံပင်ရှည်လေး နှစ်ဖက်ခွဲ ထုံးပြီး၊ မျက်နှာကို သနပ်ခါးလိမ်းပြီး၊ သေသွားလည်း ဘာမှမဖြစ်ပါဘူး လုပ်နေ ခဲ့တာ။ သစ်ရွက်တွေ၊ သက်တံတွေ ကြည့်ပြီး စိတ်နှလုံး အနည်းငယ် အနားရချိန်လေးမှာ အသက်ရှင်မှုကို ကျေးဇူးမတင်ဖြစ်ဘဲ သေလို့ ရပြီ၊ အေးအေးဆေးဆေးပဲလို့ လုပ်နေခဲ့တာ။

လူတွေရဲ့ ဘဝကို ခင်တွယ်စိတ်ဟာ ဘယ်အချိန်မှာ ပေါ်လာတတ် သလဲ မသိဘူး။ ကျွန်မကတော့ ဆိုးရွားတဲ့ သတင်းတွေအကြောင်း ဆက်တိုက် ပြောနေရင်းက ဒီအချိန်မှာတော့ မသေချင်သေးဘူးလို့ ထပြော မိတယ်။ မသေချင်သေးတဲ့ စိတ်လေးက ရောဂါပိုးမွှားအန္တရာယ်နဲ့ မလုံခြုံမှု ကြားမှာ ခပ်တည်တည် လာပွင့်နေတဲ့ ပန်းလို ဖြစ်နေတယ်။

အလုပ်လေး နည်းနည်းပါးပါး ဆက်လုပ်ချင်သေးတယ်။ သေသွား ရင် ချစ်တဲ့သူတွေ အလွမ်းဖြေဖို့ ကဗျာလေး တစ်ပုဒ်စ၊ နှစ်ပုဒ်စလောက် ထပ်ရေးချင်သေးတယ်။ ချစ်တာပဲဖြစ်ဖြစ်၊ အချစ်ခံရတာပဲဖြစ်ဖြစ် အဲဒီ ကိစ္စလေးကိုလည်း အနည်းအကျဉ်းလောက် လုပ်ကြည့်ချင်သေးတယ်။

များများစားစား လုပ်ချင်တာတော့ဖြင့် မရှိပါဘူး။ သေခြင်း၊ ရှင်ခြင်း အဟာတွေကြားထဲ ဘာမဆို နည်းနည်းလေးပဲ လိုချင်တယ်။ ရှင်နေတုန်းမှာလည်း လိုသလောက် မရ၊ သေသွားတော့လည်း အားလုံး ထားခဲ့ရတာ။ ဘာလုပ်မှာလဲ များများစားစားတွေ။ တရားထူး ရသွားတာ တော့ မဟုတ်ပါဘူး။ ကျွန်မက ပေါ့ပေါ့ ပေါ့ပေါ့အတွေး တွေးတဲ့ သဘောပါ။

အကောင်းမြင်စိတ် နည်းပါးလာတာတော့ ကိုယ့်ကိုယ်ကိုယ် သတိထားမိပါတယ်။ ကျွန်မကို ကယ်တင်လို့ မရတော့ဘူးလို့ ပိုးလေးက ပြောတယ်။ ဟုတ်မှာပါ။ ကျွန်မက အဆိုးမြင်စိတ်နဲ့ ဘဝကို ပေကတ်ပြီး အသက်ရှင်နေချင်တယ် ထင်ပါတယ်။ Croods ကာတွန်းရုပ်ရှင်ထဲက အမယ်အိုကြီး အော်သံလို I'm Still

Alive ပေါ့လေ။

အဲဒါပါပဲ။ မသေချင်တဲ့ စိတ်လေး ပန်းလို ပွင့်နေတဲ့အကြောင်း ပြောပြတာပါ။ ပေါ်လီယာနာလို ဘာမဆို အကောင်းမြင်စိတ်နဲ့ အသက် ရှင်ခြင်းကို ကျေးဇူးတင် ချစ်ခင်နေတာမျိုး မဟုတ်ပါဘူး။ ဒီအတိုင်း မသေချင်ရုံပါပဲ ...။

ဇန်နဝါရီ ၃၁၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၁၈

မားနာ ချစ်တဲ့ အိမ်ကလေး အခု စားသောက်ဆိုင်လေး ဖြစ်သွားပြီ ထင်တယ်…တဲ့။ ပိုးလေးက ကားပေါ်ကနေ အိမ်လေးဆီ လက်ညှိုး ညွှန်ရင်း ပြောတယ်။ အင်း … အခု ငါ မချစ်တော့ဘူးလို့ ပြန်ပြောလိုက် တယ်။ ဘာလို့လဲ … တဲ့။ အရင်က ဒီအတိုင်းပဲ ကြည့်ကြည့်နေရတာ လေ။ အခု မားနာ့ဆီမှာ ပိုက်ဆံရှိရင် သူ့ဆီ သွားလို့ရပြီလေ … တဲ့။ ဟုတ်ပါတယ်။ သူ့စကားဟာ ဓမ္မဓိဋ္ဌာန် ကျပါတယ်။ ဒါပေမဲ့ ကျွန်မမှ မချစ်တော့တာ။ ကျွန်မ ချစ်ခဲ့တာက ကန်ရေပြင်ပေါ် မေးတင်ပြီး ငြိမ်ငြိမ် လေး ဝပ်နေတဲ့ အိမ်ကလေးလေ။

သတိထားမိမလား မသိဘူး။ ပြည်လမ်း ခုနစ်မိုင်ခွဲ မှတ်တိုင်နား မှာရှိတဲ့ ကန်ရေပြင်စပ်က အိမ်လေးလေ။ ကျွန်မက သူ့ကို ရေကန် ဘေးက အိမ်ကလေးလို့ ခေါ်တယ်။ ရန်ကုန်တက္ကသိုလ်ထဲ ကျောင်းသွား တက်ရတော့ အဲဒီအိမ်ကလေးကို ဖြတ်သွားဖြတ်လာ အမြဲ မြင်နေခဲ့ရတာ။ ဘတ်စ်ကားစီးတိုင်း သူ့ကို မြင်နေရတဲ့ အခြမ်းဘက်ကပဲ အမြဲ ထိုင်တယ်။

ပြီးရင် အသွားအပြန် ငေးတယ်။ မြီးကောင်ပေါက် တစ်ယောက်က ရုပ်ကွက်ထဲက အစ်ကိုကြီး တစ်ယောက်ကို တိတ်တခိုး ကြိုက်ရတဲ့ ဇီလင်မျိုး ပေါ့။ စိတ်မှာ တအား နေလို့ကောင်းတယ်။

ချစ်ရတဲ့ ကိစ္စတိုင်းဟာ ကိုယ့်ဘက်က စတင်ရတာချည်းပဲ မဟုတ် လား။ ချစ်ပါ ချစ်ပါ ဆိုတိုင်းလည်း ချစ်လို့မှ မရတာနော်။ ချစ်တယ် ဆိုတဲ့အသိ ဝင်လိုက်တာနဲ့ အဲဒါလေးက ကိုယ့် ရင်တွင်းပေါက်ထဲမှာ အခန်းတစ်ခု ဖွဲ့လိုက်တာပဲ။ ငေးကြည့်နေရခြင်းဟာလည်း အင်မတန် ချစ်ဖွယ်ကောင်းတဲ့ ချစ်မှုတစ်ခုပဲလေ။ ကျွန်မကတော့ အဲဒီလို ထင်တာပဲ။ ကျွန်မ အဲဒီအိမ်လေးအကြောင်း ကဗျာသုံးပုဒ် ရေးဖူးတယ်။ အိမ်လေးကို ငေးနေရတာကိုပဲ ချစ်တဲ့အကြောင်း တွေးမိတုန်းက တစ်ခါ။ အိမ်လေးကို ဆေးရောင်အသစ် သုတ်လိုက်တုန်းက တစ်ခါ။ နောက်ဆုံး တစ်ခေါက် ကတော့ အိမ်လေးမှာ တဖိတ်ဖိတ် တောက်နေတဲ့ မီးဆိုင်းတွေ ချိတ်လိုက် တုန်းက။ ကျွန်မမှာ သူ့အတွက် ကဗျာသုံးပုဒ် ရှိခဲ့တာတော့ တကယ့် အမှတ်တရပါပဲ။

အချိန်တွေ ကြာလာတာနဲ့အမျှ အိမ်လေးက ကျွန်မနဲ့ တဖြည်း ဖြည်း ဝေးလာသလို ခံစားရတယ်။ ဆင်စွယ်ရောင် အသွေးနဲ့ အုတ် လှေကားထစ်လေးတွေက ရေစပ်ကို ထိနေကြတဲ့ အိမ်လေးဟာ ကျွန်မနဲ့ အရင်းနှီးဆုံးပဲ။ မီးလည်း မှိန်မှိန်ပဲ။ အဆင်အသွေးဟာလည်း ငြိမ်ငြိမ် ပဲ။ ဘာမဆို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေတဲ့ အိမ်လေးတစ်လုံးပဲ။ ကျွန်မမှာ ပိုက်ဆံတွေ

ရှိလာခဲ့ရင်တောင် အဲဒီအိမ်လေးကို အပိုင်ဝယ်မယ် ဆိုတဲ့ စိတ်ကူး (လုံးဝ) မရှိခဲ့ဖူးဘူး။ အဲဒီလို အိမ်လေးတစ်လုံး ဆောက် မယ်ဆိုတဲ့ စိတ်ကူးလေးပဲ ရှိခဲ့တယ်။ ပိုက်ဆံတွေ ရှိလာခဲ့ရင်တောင် အဲဒီအိမ်လေးကို မလိုချင်ခဲ့ဘူး။ ကိုယ် အပိုင်ယူထားဖို့ လိုကို မလိုဘူးလို့ စိတ်မှာ မှတ်ယူထားခဲ့တာ။ ကျွန်မနဲ့အိမ်လေးရဲ့ အကွာအဝေးက အဲဒီလို လုံလုံလောက်လောက် နီးကပ်ခဲ့တာ။

အခုတော့လေ ကျွန်မ သူ့ကို တကယ် မချစ်တော့တာ။ သူ့ဆီ သွားချင်ရင် သွားလို့ရတဲ့ အခြေအနေတစ်ခုကို ကျွန်မ မလိုချင်ဘူး။

ကျွန်မတို့ကြားက အကွာအဝေးက ကျိုးပျက်သွားပြီ။ တဖိတ်ဖိတ် လက်နေတဲ့ မီးရောင်အောက်က အဆောက်အအုံဟာ ကျွန်မရဲ့အိမ်လေး မဟုတ် တော့ဘူး။

ချစ်လှချည်ရဲ့ကနေ ဒါက ဘယ်လို ဖြစ်ရပြန်တာလဲလို့ မေးလာ ရင်လည်း မြင်တဲ့အတိုင်းပဲလို့ ဖြေရမှာပါပဲ။ ကျွန်မရဲ့ ချစ်မှုတစ်ခုကို ဘယ်ရွေ့ ဘယ်မျှပါလို့ ရှင်းပြရခြင်းကို ဝါသနာမပါဘူး။ ကျွန်မအတွက် ချစ်တယ်ဆိုတာ ချစ်တယ်ပဲ။ မချစ်တော့ဘူး ဆိုရင်လည်း အဲဒါ မချစ် တော့လို့ပဲ။

အဲဒါလေးပါပဲ။ တမြတ်တနိုး ချစ်ခဲ့ရတာလေး တစ်ခုကို လုံးဝ မချစ်တော့ကြောင်း ပြောပြချင်လာလို့ပါ။ သက်မဲ့ ထုထည်တစ်ခုကို တောင် နေရာပေးလိုက်၊ အဝင်မခံချင်လိုက်နဲ့ ချစ်စိတ်ဟာ ဘယ်လိုလဲလို့ ထင်ချင်လည်း ထင်နိုင်ပါတယ်လေ ...။

မတ် ၆၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၁၉

ဒီရက်တွေထဲ နေလို့ ပျော်ရဲ့လား။ အသက်ရှူနေရတဲ့ လေထဲ အမှုန်အမွှားတွေ ကင်းရဲ့လားလို့ရော စိတ်ပူနေရလား။ ငါတော့ တစ်နေ့ နေ့မှာ ဒီတွင်းကြီးထဲ ပြုတ်ကျတော့မယ်လို့ရော ထင်နေလား။ ကပ်ရောဂါ ဆိုး မဟုတ်လည်း ကျွန်မတို့မှာ ပြုတ်ကျရမယ့် တွင်းတွေက အရင်ကတည်း က ရှိနှင့်နေပြီးသား မဟုတ်လား။

ကျွန်မတော့ ပျဉ်းမပွင့်တွေကိုပဲ ကြည့်နေမိတယ်။ ပြီးတော့မယ် ဇလီ ပွင့်တွေ။ ပြီးတော့ ကုက္ကိုပွင့်တွေ။ ကျွန်မ ပန်းတွေကိုပဲ ကြည့်နေ မိပါတယ်ဆိုရင် ကျွန်မရဲ့ ရာသီဥတုကို သိပြီ မဟုတ်လား။ လေးလံ တောင့်တင်းတဲ့ ပင်စည်ပေါ်မှာ၊ ကြွပ်ဆတ်ပြီး အန္တရာယ်များတဲ့ ကိုင်းဖျား တွေပေါ်မှာ ပေါ့ပေါ့ပါးပါး ပွင့်နေတဲ့ ပန်းတွေမှာ ထူးတဲ့သတ္တိ ရှိတယ် မဟုတ်လား။ ကျွန်မလည်း မြင့်မြင့်မားမား ပေါ့ပေါ့ပါးပါး ပွင့်လန်းချင် တယ်။

ထားပါလေ။ ကျွန်မ အသက်ရှူမဝတဲ့ ပတ်ဝန်းကျင်ဟာ အခြားသူများနဲ့ မတူခဲ့တာကိုက ဒဏ်ရာတွေ ဖြစ်စေခဲ့တယ် ထင်ပါတယ်။ ဘယ်တော့မဆို ဒဏ်ခံကြိုးလေးပေါ်မှာသာ လူးလာခေါက်ပြန် သွားနေ ခဲ့ရတယ်။ ကိုယ့်တစ်ကိုယ်စာ အသက်ရှင်လိုမှုမှာ ဘာတွေများ လိုအပ် သလဲလို့ မေးလာခဲ့ရင် အစစ်အမှန် ချစ်တတ်သူ နည်းနည်း ဆိုတာကိုပဲ မပြောင်းမလဲ ဖြေဆိုချင်ခဲ့တယ်။ ကျွန်မ လိုချင်ခဲ့တဲ့ နည်းနည်းက တချို့ လူတွေ တောင်းဆိုတဲ့ များများထက် ပိုကြီးခဲ့တယ် ထင်ပါတယ်။ ဒါမှ မဟုတ် နည်းလွန်းလို့များ သတိမထားမိခဲ့သလားပါပဲ။ ကောက်ရိုးပုံ ထဲက အပ်ကလေးကို ကြိုးစားပမ်းစား ရှာဖွေနေရသလို ရှာဖွေနေခဲ့ရ တယ်။ အခုထက်ထိပါပဲ။

ခြေကုန်လက်ပန်း ကျနေရင်းက ဘာကိုမှ ငုံ့မခံချင်တော့ဘူး အမေ ရယ်လို့ စိတ်ထဲက ပြောရင်း ဖူးစ ဖယောင်းပန်းဖူးလေးကို ငေးနေမိတယ်။ ခွန်အားကို တဖြည်းဖြည်း ကုတ်ခြစ်ယူနေရတယ်။ အပြင်တိုက်ပွဲနဲ့ အတွင်းတိုက်ပွဲနဲ့ ဖုံးကွယ်ထားရတဲ့ ဒဏ်ရာဒဏ်ချက်နဲ့ ဒါတွေ အားလုံးကို ဟန်ချက်ညီအောင် ကြိုးစားနေရပုံ မျိုးကို ကြုံဖူးရင် သိမှာပါ။

ကြွေကျခါနီး သစ်ရွက်တွေလောက်တောင်မှ ဆွဲဆောင်မှုရှိမနေတဲ့ လူတွေ၊ အဖြစ်အပျက်တွေကို ဘယ်လို လှည်းကျင်းရမယ် ဆိုတာကို သိခဲ့လို့သာ ရှင်သန်မှုဟာ အားကောင်းမောင်းသန် ဖြစ်နေသေးတာ။ အမြဲတစေ ပျော်ရွှင်ချမ်းမြေ့ဖို့ဆိုတာ ဘယ်သူမှ မတတ်နိုင်မှန်း သိခဲ့တာ ကိုက ကျွန်မအတွက် ပျော်စရာဖြစ်နေတာ။ ကျွန်မ

အားတင်းပုံကလည်း ထူးတော့ထူးသား ဆိုသလိုပါပဲ။

ကျွန်မလေ ကိုယ့်ကိုယ်ကိုယ် သေချာမှုချည်တိုင်တစ်ခုမှာ ဆွဲချည်ထားလိုက်တယ်။ ချစ်တာ သေချာတယ်၊ မုန်းတာ သေချာတယ်ဆိုတဲ့ ချည်တိုင်ပေါ့။ ဝေဝါးမှုထဲ လွတ်ထွက်မသွားဖို့ လိုတယ် မဟုတ်လား။ ချစ်ဖို့၊ မုန်းဖို့ကိုပဲ စိတ်အားထက်သန်နေတော့တယ်။ ချစ်တယ်ဆိုတာ သိပ်ကို ခံမင်ဖို့ကောင်းတဲ့ အလုပ်။ မုန်းတယ် ဆိုတာကလည်း အမှိုက်ရှင်းရ သလို။ ဒါပါပဲ။

သိပ်များ ပင်ပန်းနေမလား ဆိုပြီး စိတ်တော့ မပူစေချင်ဘူး။ ဖျားနာလိုက်၊ နေပြန်ကောင်းလိုက် ဖြစ်နေတဲ့ ကျွန်မအကြောင်းကို သိပြီးသား မဟုတ်လား။

မဟာဗန္ဓုလ တံတားကြီးကို ဖြတ်ရင် ကုက္ကိုပွင့်တွေကို အပေါ်စီး ကနေ မြင်ရတယ်။ ပန်းပင်လယ်ကြီးလိုပဲ သိပ်လှတယ်။ လမ်းဘေးမှာ ရဲရဲတင်းတင်း ပွင့်နေတဲ့ ပန်းတွေကို မြင်တိုင်း သတိရပါတယ်။

ဧပြီ ၁၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၀

ဒီနေ့ မိုးအုံ့တယ်။ လေအေးတွေ တစ်ချက် တစ်ချက် တိုက်တယ်။ ပြီးရင် ပြန်ပူတာပါပဲ။

ကျွန်မလည်း အိမ်ပြင်မထွက်ဖြစ်တာ ကြာပြီ။ အိမ်ရှေ့ ခြံဝင်း တံခါးလေးဆီကိုတောင် မလှမ်းဖြစ်ဘူး။ ငှက်သံတွေကိုတော့ သိသိသာသာ ကြားနေရတယ်။ တစ်ခါတလေ တစ်နေ့လုံး ကြားနေရတယ်။ အရင်ကတည်းက သူတို့အသံတွေက ဒီအတိုင်းပဲ ရှိနေကြတာလည်း ဖြစ်ချင် ဖြစ်မယ်။ ကျွန်မတို့ လှုပ်ရှားမှုတွေက သိပ်ဆူနေလွန်းတော့ မကြားမိတာလည်း ဖြစ်ချင် ဖြစ်မယ်။ ဟိုနေ့ကဆိုရင် နှံပြည်စုတ်ငှက် ကလေး တစ်ကောင်ကို တွေ့လိုက်ရတယ်။ ဒန်းစီးလေဒီပင်ပေါ်မှာ လာ နားနေတာ။ နှံပြည်စုတ်လေးတွေကို ကျွန်မ မတွေ့ရတာ ကြာပြီ။ အခု တော့ တခြား အမျိုးအမည်မသိ ငှက်ကလေးတွေကိုပါ တစ်ကောင်စ နှစ်ကောင်စ တွေ့ရတယ်။ ကျွန်မတို့ဟာ အခြား သက်ရှိဘဝတွေရဲ့ လွတ်လပ်မှုကို ဘယ်လောက်တောင် စားသုံးမိခဲ့ပြီလဲ မသိဘူးနော်။

ဒီအခြေအနေဆိုးကြီး ပြီးသွားရင် ကျွန်မတို့ ပိုချစ်တတ်လာကြ လိမ့်မယ်လို့ ပြောကြတယ်။ ကျွန်မတော့ မယုံပါဘူး။ ဒီအခြေအနေဆိုး ကြီး ပြီးသွားမှ စစ်ပွဲ အရေအတွက်တွေ ပိုများလာခဲ့ရင်ရော။ တစ်ဦး အပေါ် တစ်ဦး မယုံကြည်မှုတွေ ပိုလို့ တိုးလာခဲ့ရင်ရော။ ရှေးကထက် ပိုချစ်ကြမယ် ဆိုတာလည်း ခဏပဲ ဖြစ်မှာပဲ။ သဘာဝတရားကို ချွေတာ မယ်ဆိုလည်း စွမ်းအင်စားသုံးမှုကို ဘယ်လောက်ထိ တားနိုင်မှာမို့လို့လဲ။ ကျွန်မတို့ရဲ့ မှိုင်းမျိုးစုံ မိနေတဲ့ ဦးနှောက်အတွန့်အခွေတွေကို ကယ်တင် လို့ ရတော့မယ် မထင်ပါဘူး။

ကျွန်မက အမြဲ အဆိုးမြင်နေတာပဲလို့ ထင်နေပြီ မဟုတ်လား။ ကျွန်မ မျှော်လင့်တတ်ပါတယ်။ အားလုံး ကောင်းမွန်ခြင်းဆီသို့ ဆိုတဲ့ ရည်မှန်းချက်တွေလည်း ကျွန်မ ချမှတ်ဖူးပါတယ်။ ခရီးမဆုံးခင် လွတ်ကျ ကျန်ရစ်ခဲ့တာတွေက များနေတော့ ကောင်းမွန်ခြင်းတွေက လာရော လာပါ့မလားဆိုတဲ့ သံသယစိတ်ပဲ ပြည့်ပြည့်တင်းတင်း ကျန်နေခဲ့သလို ဖြစ်နေလို့ပါ။ ဒီလိုပြောလို့ ကျွန်မက သံသယတွေနဲ့ ပိနေပြီး မပျော်ရွှင် တတ်တော့ဘူးလို့ မမှတ်ပါနဲ့။ ကျွန်မမှာ ချစ်စိတ်တွေ ရှိနေပါသေးတယ်။ မမျှော်လင့်ချင်တော့တာပဲ ရှိတာ။

ခံစားမှု ရှိနေသရွေ့ လူဟာ ရှင်သန်လည်ပတ်လို့ ရနေသေးတယ် မဟုတ်လား။ ကျွန်မ ကဗျာတွေ ဖတ်တယ်လေ။ ဟိုနေ့ကတင်ပဲ ဘုကောစကီး ကဗျာတွေ ဖတ်နေမိတာ။ ကမ္ဘာပေါ်မှာ ဒုတိယ အကောင်း ဆုံး အရာက ည

အိပ်ရေးဝဝ အိပ်ရခြင်း၊ နောက်ပြီး အကောင်းဆုံးကတော့ သိမ်မွေ့သော သေခြင်း … တဲ့။ ဘယ်လောက် ရှင်းလင်းပြီး လှလိုက်သလဲ နော်။ ကျွန်မတို့ ရုန်းကန်နေရတာ ဒီအတွက်လေးပဲ မဟုတ်လား။ အရှည် ကြီး တွေးလည်း ဒါပဲ။ အတိုကလေး တွေးလည်း ဒါပဲလေ။ ကျွန်မလို ကြောက်တတ်တဲ့လူကတော့ ဒီစိတ်ဟာ တစ်ကိုယ်စာပေါ့။ မြင့်မြင့်မားမား မားနဲ့ သတ္တိရှိတဲ့ လူတွေကတော့ အများအတွက်စာပေါ့။

ကျွန်မကတော့ တစ်ကိုယ်စာတွေနဲ့ပဲ မသေအောင် နေနေရဦးမယ် ဆိုတာ သေချာတယ်။ ဘယ်သူ့ကိုမှလည်း မထိခိုက်မိပဲ၊ ဘယ်သူ့ကိုမှလည်း မကယ်တင်နိုင်ပဲနဲ့ တစ်ကွက်စာ ဖော့တုံးလေးပေါ်မှာ ပေါလော မျောနေဦးမှာ။ ကဗျာ နည်းနည်း၊ စာအုပ် နည်းနည်း၊ ရုပ်ရှင် နည်းနည်း လေးတော့ လိုတာပေါ့။ သတ္တိရှိတာတွေ စွန့်စားတာတွေက တခြားသော လူတွေ လုပ်ကြပါလိမ့်မယ်။

အခုတော့ မိုးရွာစေချင်မိတယ်။ ထူးထူးခြားခြားပဲ မိုးရွာပါစေ ဆုတောင်းနေမိတယ်။ ခေါင်မိုးပေါ် မိုးတပေါက်ပေါက် ကျသံကို ကျွန်မ အရေးတကြီး လိုအပ်နေသလိုပဲ။ အကိုက်အခဲပျောက်ဆေး တစ်လုံး လောက် သောက်ပြီး အိပ်ရေးဝဝ အိပ်ပစ်လိုက်ချင်တယ်။ ညမှာ အိပ်မက် ဆိုး မမက်ဘဲနဲ့ပေါ့။

အဲဒီကနေ ဆုတောင်းပေးပါဦး။ ဒါမှမဟုတ် ရွာကို ရွာချမှ ဖြစ် မယ့် တိမ်တွေကိုတွေ့ရင် ဒီဘက်ကို ပို့ပေးလိုက်ပါဦး။

ဧပြီ ၂၉၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၁

ရန်ကုန်ဟာ အရမ်းပူတာပဲ။ နွေနေ့လယ်ခင်းတွေကလည်း အရင်ကလို နေသာထိုင်သာ မရှိတော့ ပါဘူး။ အရိပ်ခိုစရာ အဖေ့ဥယျာဉ်လေး လည်း မရှိတော့ဘူး။ အိမ်ရှေ့က ယုဇနပင်လေးလည်း မရှိတော့ဘူး။ ညီအစ်မတွေ စကားစု ထိုင်ပြောကြတာလေးနဲ့ပဲ ကျွန်မ ဝမ်းကို အေးအောင် လုပ်နေရတယ်။ ပူပြင်း လောင်မြိုက်နေရတာတွေကို ကျွန်မ ချွေးတွေ ထဲ ထည့်ပစ်လိုက်တယ်။

အဝေးက ရောက်လာတဲ့ ပျော်စရာတွေအကြောင်း ပြောပြရဦး မယ်။ ကလောသူလေး မြတ်က ကျွန်မကို ပန်းဓာတ်ပုံတွေ လှမ်းပို့ပေး တယ်။ သူတို့ ခြံဝင်းလေးထဲက ပန်းတွေရော၊ ကွင်းပြင်အပြည့် ပွင့်နေ တဲ့ ပန်းတွေရော၊ လူသွားလမ်းလေး တစ်လျှောက်မှာ ပေါက်ရောက်နေတဲ့ ပန်းတွေရော။ ပို့ပေးသမျှ ပန်းဓာတ်ပုံ အားလုံးဟာ မိုးကြိုပန်းတွေချည်း ပဲ။ နောက်တစ်နှစ် မေလရဲ့ ပထမဦးဆုံး မိုးရွာပြီးချိန်ကျရင် ကလော ဆီ လာခဲ့မယ်လို့ ကျွန်မ ပြောလိုက်တယ်။ မိုးကြိုပန်းတွေကို ကြည့်ရအောင်လို့လေ။ မျက်လုံးအပြည့် ပန်းရောင် ပင်လယ်ကြီးလေ။ ဘယ် လောက် လှလိုက်မလဲနော်။

ကလောမှာ မိုးကြိုပန်းတွေ ပွင့်နေကြပြီ။ ကျွန်မ သူတို့ကို မြင်ဖူး ချင်တာလည်း ကြာပြီ။ အမြဲလိုလို ဖန်သားပြင်ကနေပဲ မြင်နေရတဲ့ သူ တို့ကို ကျွန်မ တို့ထိကြည့်ချင်မိတယ်။ သဘာဝအတိုင်း ပေါက်ရောက် ရှင်သန်နိုင်လို့ ကျွန်မ သူတို့ကို ပိုချစ်မိတယ် ထင်တာပဲ။ မြေကြီးထဲမှာ တစ်နှစ်ပတ်လုံး ဝပ်နေပြီး အချိန်ကျကာမှ ထွက်လာတဲ့ အံ့ဖွယ်အလှ တရား တစ်ခုပဲ။ အချိန်မတိုင်သေးခင် အထိတော့ သူတို့ဟာ မြေကြီးထဲ မှာ မြေမှုန့်တွေ ပေကျံနေတဲ့ သစ်ဥသစ်ဖုတစ်ခုထက် မပိုခဲ့ဘူး။ မြတ် က ပြောတာတော့ ကြက်သွန်ဥလေးတွေလိုပဲ ... တဲ့။

အဲဒီပန်းကလေးရဲ့ အမူအကျင့်တွေကိုလည်း ပြောပြတယ်။ မြေကြီး ထဲ အလေ့ကျပေါက်တဲ့ ပန်းပါပဲတဲ့။ သူ့မေမေကတော့ ချစ်လို့ကို တကူးတက စိုက်ထားတာ .. တဲ့။ စိုက်တော့လည်း စိုက်တဲ့နေရာတိုင်း ပေါက် ချင်မှ ပေါက်တာ ... တဲ့။ သူ ပေါက်ချင်ရာနေရာမှာ ဒီအတိုင်း အလေ့ကျ ပေါက်တာ ... တဲ့။ တစ်ခါပွင့်ပြီးရင် နောက်ထပ် ဥကလေးတွေက မြေ ကြီးထဲ အလိုလို ပွားပြီးသား ဖြစ်နေကြတာ .. တဲ့။ ကျွန်မ ပြုံးမိတယ်၊ သိလား။ ဟစ်ပီ ပန်းပွင့်တွေပဲလို့ တွေးမိလို့။

ပြီးတော့ သူတို့ကို မနာလို ဖြစ်လာမိတယ်။ ကျွန်မလည်း ဘာလို့ ပန်းတစ်ပွင့် မဖြစ်ခဲ့တာလဲ မသိဘူး။ ဘုရားဟော သံသရာစက်ဝိုင်းထဲ မှာလည်း

ပန်းတစ်ပွင့်အကြောင်း မပါဘူး။ အဲဒါကို ကျွန်မ သိပ်တော့ မကျေနပ်ချင်ဘူး။ သေပြီးရင် ပန်းတစ်ပွင့်ဖြစ်၊ ပြီးရင် ကြွေကျ သေဆုံး သွား၊ နောက်တစ်ဖန် ပန်းပွင့်ပြန်ဖြစ် ... ဘယ်လောက် ကောင်းမလဲ။ နိဗ္ဗာန်တွေ ဘာတွေ မမှန်းပါဘူး။ ဖြစ်ပျက်သံသရာထဲက ပန်းတစ်ပွင့် ဖြစ်ရင်ပဲ တော်ပါပြီ။ ကမ္ဘာမပျက်သရွေ့ ပန်းဖြစ်ရင်းနဲ့ပဲ သံသရာကို လည်ပစ်လိုက်မယ်။ ကမ္ဘာ့အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်း၊ တောင်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်း၊ မြေထဲပင်လယ်ဘက်အထိ သံသရာ လည်ပစ်လိုက်မယ်။

အခုဘဝမှာ ကလောက မိုးကြိုပန်းဖြစ်ပြီး နောက်ဘဝမှာ အိန္ဒိယက စံပယ်ပန်း သွားဖြစ်မယ်။ ပြီးရင် ဥရောပ၊ အမေရိက အနှံ့သွားမယ်။ ပန်းပွင့်ဖြစ်ရတဲ့ဘဝ များလာရင် သစ်ရွက် ပြောင်းဖြစ်မယ်။ အဲဒီအခါ ကျရင် မေဘယ်ရွက်လေး ဖြစ်ကြည့်မယ်။ စာကိုဖတ်နေရင်း ရယ်နေပြီ လား။ စကားပြောနေရင်း တိမ်လို လွင့်လွင့်မသွားနဲ့လို့ ပြောလည်း ကျွန်မက အမှတ်မရှိပြန်ဘူးနော်။

ပန်းဖြစ်ချင်တယ်လို့ ပြောတာက စိတ်ကူးပါ။

လက်တွေ့မှာလေ မိုးကြိုပန်းတွေကို တောင်သူတွေကတော့ သဘောမတွေ့လှဘူးတဲ့။ စိုက်ပျိုးမြေထဲ လာပေါက်ရင် ဥတွေ ပွားလွန်းလို့ စိုက်ပျိုးရ သိပ်အခက် တွေ့တာတဲ့။ တူးပြီး ရှင်းရတာ စိတ်ရှုပ်ရ၊ အလုပ်ရှုပ်ရလွန်းလို့တဲ့။ တစ်နှစ်ပတ်လုံး မြေကြီးထဲ မြေမှုန့် အလိမ်းလိမ်းနဲ့ ပုန်းအောင်းပြီး အလှဆုံး ပွင့်ပြပေမဲ့လည်း ကိုယ့်ကြောင့် နစ်နာပြီး မပျော်ရွှင်ရတာတွေ က ရှိနေသေးတယ်။

စိတ်ကူးဟာ လက်တွေ့ နဲ့ တွေ့ရင် ဆပ်ပြာပူဖောင်းလေးလို ဖောက်ခနဲ ပေါက်သွားရတာပဲ။

မေ ၇၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၂

ဒီနေ့ တိမ်တွေ သိပ်လှတာပဲ။ တိမ်ထူတာကို ကြိုက်နှစ်သက်ခဲ့တာ ဘယ်အချိန် ဘယ်ကာလ ကတည်းက ဆိုတာ မမှတ်မိတော့ဘူး။ သတိထားမိတဲ့ အချိန်မှာတော့ တော်တော်လေးကို စွဲလမ်း မြတ်နိုးမိနေ ပြီ။ တစ်ယောက်ယောက်ကို မသိလိုက် မသိဘာသာ ချစ်နေခဲ့ပုံမျိုးနဲ့ တူတယ်။ ဒီနေ့လည်း တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ Weathering With You ဆိုတဲ့ ဂျပန် အန်နီမေးရှင်း ရုပ်ရှင်လေးကို ကြည့်ပြီး မနက်မိုးလင်း တော့ တိမ်တွေဟာ ရှုးလောက်အောင်ကို လှနေတာ။ ပုံမှန်ဆို မြန်မြန် ရောက်ချင်တဲ့ လမ်းခရီးကိုတောင်မှပဲ ဒီနေ့ မရောက်စေချင်ဘူး။ မျက်စိနဲ့ မဆံ့အောင် လှတဲ့ တိမ်တွေကို လှည့်ပတ်ပြီး အဝ ကြည့်ချင်နေမိတာ။ စိတ်ထဲကိုလည်း Weathering With You ထဲက တိမ်ဒဏ္ဍာရီပုံပြင်တွေ ရောက်လာတယ်။ ကောင်းကင်ငါးတွေ တိမ်တွေထဲ ကူးခတ်နေမလားလို့ တွေးမိတယ်။ ရေငွေ့တွေနဲ့ စုဖွဲ့ထားတဲ့ မိုးတိမ်တောင်တွေဟာ ရေကို ထိန်းထားနိုင်ကြတဲ့ သဘာဝ ရေကန်ကြီးတွေပဲတဲ့။ မျက်စိနဲ့ မမြင်နိုင်တဲ့ ထူးခြားဆန်းကြယ်တဲ့ သက်ရှိပတ်ဝန်းကျင် ဖွဲ့စည်းမှုကို ဖြစ်စေနိုင်တယ်... တဲ့။ ခန္ဓာကိုယ်ကို ထွင်းဖောက်မြင်ရတဲ့ ကောင်းကင်ငါးလေးတွေ ကူးခတ်နေကြတာ သိပ်ကိုကြည့်လို့ လှမှာပဲနော်။ ပေါက်ပေါက်ရှာရှာ တွေးပြီး စိတ်ကူးယဉ်ပြန်ပြီ ဆိုပြီး ရယ်ချင်လည်း ရယ်နိုင်ပါတယ်။ ရေငွေ့စုဖွဲ့ထားတဲ့ သဘာဝ အစိုင်အခဲတစ်ခုထက် ပိုစေချင်တဲ့ စေတနာ ကြောင့် ကျွန်မတော့ အဲဒီတင်စားမှုကို သိပ်သဘောကျတာပဲ။

မိုးတိမ်တောင်တွေဟာ မုန်တိုင်းတွေ၊ လျှပ်စီးတွေ၊ မိုးကြိုးတွေ ဖြစ်စေနိုင်တယ်ဆိုတာ ကျွန်မ သိပါတယ်။ တိမ်ရဲ့အလုပ်ကိုက မိုးရွာ သွန်းပေးဖို့ပဲ မဟုတ်လား။ ရာသီဥတုကို ပြုပြင်ဖန်တီးပေးဖို့ပဲ မဟုတ် လား။ ကျွန်မကတော့ သူတို့ကို အခြားသော ပုံစံတစ်ခုအနေနဲ့ ချစ်တယ်။ အပြာနောက်ခံ ကောင်းကင်ကြီးထဲမှာ ဆွတ်ဆွတ်ဖြူပြီး ရွေ့ချင်တိုင်း ရွေ့နေတာကို ချစ်တယ်။ အခုချိန်အထိ ပုံစံ တစ်ထပ်တည်းတူတဲ့ တိမ်တွေကို မတွေ့ဖူးသေးဘူး။ အဲဒီလို ပုံသဏ္ဍာန်တည်ဆောက်နိုင်မှု ကိုလည်း ချစ်တယ်။ သူတို့ကို ကြည့်နေချင်တယ်။ ငေးနေချင်တယ်။

ကျွန်မ ဘာကြောင့် တိမ်တွေကို ဒီလောက် ချစ်ရသလဲဆိုရင် လူ့ အဖြစ်ရဲ့ မလွတ်လပ်မှုကြောင့်လို့ ထင်တာပါပဲ။ လူတစ်ယောက်ဟာ ကိုယ့်ဘဝ ကိုယ် အခြေခံပြီးမှ ချစ်တာ၊ မုန်းတာတွေက ဖြစ်တာ မဟုတ် လား။ တိမ်တွေကို ကြည့်လိုက်တာနဲ့ လွတ်လပ်ခြင်းဆိုတဲ့ အရသာကို အရင်ဆုံး ခံစားမိတာပဲ။ တိမ်တွေကို ချစ်တာ မတည်ငြိမ်မှုကို အားပေး တာလားလို့ မေးရင်လည်း

ဟုတ်တယ်လို့ ဖြေမိမှာပဲ။ ကျွန်မလေ ဘာ ကိုမှ ကြိုးစားပြီး မတည်မြဲချင်တော့ဘူး။ မလိုသောအရပ်မှာ ကုပ်တွယ် နေရတာတွေ၊ ဝေးဝေး ပြေးထွက်လို့ မရတာတွေ၊ စိတ်ကို ကြိုးပြတ်စွန် လို လွှင့်ထုတ်လို့ မရတာတွေကို စိတ်ကုန်လှပြီ။

လူ့အဖြစ်ကိုက အပိတ်စနစ်မို့ ဘာကိုမှ ဒေါသထွက်လို့လည်း မရ။ ဒါကြောင့် ကျွန်မ တိမ်တွေကို ချစ်ပြီးရင်း ချစ်လာခဲ့တယ် ထင်ပါ တယ်။ တိမ်တွေကို ချစ်ပြီး မိုးရွာတာကို မုန်းလို့ ကိုးလိုးကန့်လန့် လုပ် တာလားလို့တော့ မထင်စေချင်ဘူး။ ချစ်တာမှာ အကြောင်းပြချက် မလိုအပ်ဘူး မဟုတ်လား။

မှတ်မှတ်ရရ ပြောရဦးမယ်။ မောင်သိန်းဇော်ရဲ့ “ကောင်းကင် နှစ်ထပ်” ကဗျာရွတ်ပွဲတုန်းကပေါ့။ “ရင်ထဲက မိုးတိမ်တိုက်တွေ၊ မိုးရွာ မချခင်” ဆိုတဲ့ ကဗျာစာသားကို အရိုးထဲထိ စွဲအောင် ကြိုက်မိခဲ့တယ်။ အဲဒီစာသားကို ကဗျာဆရာက သူကိုယ်တိုင် ရွတ်ပြတယ်။ ကဗျာရွတ် တာမှာ နောက်ခံတီးလုံးနဲ့၊ တိမ်တွေ တရွေ့ရွေ့ ပြေးနေတဲ့ အပြာရောင် ကားချပ်ကြီးနဲ့။ ကဗျာကို သီချင်းလို တငြိမ့်ငြိမ့် ရွတ်ဆိုပြတာ။ ကျွန်မ ဘယ်လောက်တောင် ကြွေခဲ့မလဲ ... မှန်းကြည့်ပေါ့။

ကျွန်မလေ ... အဲဒီကဗျာရွတ်သံကို နားထောင်ပြီး နောက်ခံ တိမ်ပုံ ကားချပ်ကြီးထဲ ပြေးဝင်သွားချင်ခဲ့တာ။

မေ ၂၇၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၃

ဗိသုကာပညာမှာ စိတ်ကို ကုစားခြင်းအနုပညာ ပါတယ်ဆိုတဲ့ အကြောင်း Columbus ရုပ်ရှင်ထဲမယ် ကြည့်ဖူးခဲ့တယ်။ ပန်းပွင့်တာ မဟုတ်၊ ရှုမျှော်ခင်းလှလှလည်း မဟုတ်ဘဲ အဆောက်အအုံ ဒီဇိုင်းတစ်ခု ဟာ လူ့စိတ်ကို ကုစားပေးနိုင်ပါသလားပေါ့။ ဟုတ်မယ် ထင်တယ်။ ကျွန်မက ချက်ချင်းပဲ အဲဒီခေါင်မိုးပြာပြာတွေကို သတိရလိုက်တာ … သိလား။ ကမ္ဘာအေးဘုရားလမ်းပေါ်က ခေါင်မိုးပြာပြာတွေလေ။ အဲဒီ ဘက်ကို ရောက်ဖြစ်ရင် သတိထားပြီး ကြည့်လိုက်ပါ။ အဲဒီ ခေါင်မိုးပြာပြာ တွေဟာ ကျွန်မ မျက်စိအမြင်ထဲမှာတော့ သိပ်ကို လှပပြီး ဆွဲဆောင်နေ တာ။ သတိထားပြီးပဲဖြစ်ဖြစ်၊ သတိလက်လွတ်ပဲဖြစ်ဖြစ် အဲဒီနေရာ ရောက်တိုင်း ကြည့်နေမိတာ။

ကျွန်မ တကယ်ပြောတာ။ အဆောက်အအုံ ပုံစံတစ်ခုဟာ လူ့စိတ် ကို အပြောင်းအလဲဖြစ်အောင် လုပ်နိုင်စွမ်း ရှိတယ်။ ကိုယ်နဲ့ ပတ်သက် ဆက်နွှယ်ခဲ့ရတဲ့ အဆောက်အအုံတွေကြောင့် (ဥပမာ … ရုံး၊ အိမ်၊ အဆောင် စသဖြင့်ပေါ့)။ အဲဒီလိုတွေကြောင့် စိတ်မှာ ခံစားရတာမျိုး မဟုတ်ဘူး။ ကိုယ်နဲ့ လုံးဝ မပတ်သက် မစပ်ဆိုင်ဘဲနဲ့ အဆောက်အအုံ ရဲ့ ဒီဇိုင်း၊ အရောင်နဲ့ ဖွဲ့စည်းမှုကို ကြည့်ပြီး စိတ်မှာ တစ်မျိုးတစ်ဖုံ ခံစားရတယ် ဆိုတာမျိုးကို ပြောချင်တာ။

အဲဒီ ခေါင်မိုးပြာပြာတွေကို စပြီး သတိထားမိခဲ့တာက ပျော်နေတဲ့ အချိန်လား၊ သိပ်ကို ဝမ်းနည်းနေတဲ့ အချိန်လား ဆိုတာတော့ မမှတ်မိတော့ဘူး။ ဒါပေမဲ့ စိတ်ထဲမှာ လွတ်မြောက်ခြင်း တစ်မျိုးကို ခံစားမိသွားတာ ကိုတော့ မှတ်မိနေတယ်။ နေသာတဲ့နေ့ ဖြစ်မယ် ထင်တယ်။ အပေါ်က ကောင်းကင်အလွတ်ကြီးရယ်၊ ဘာနဲ့မှ ငြိမနေတဲ့ ခေါင်မိုး ချွန် ပြာပြာတွေရယ်က စိတ်ကို ငြိမ်ပြီး လွင့်သွားစေတယ်။ ဗိသုကာ ပညာရဲ့ ကုစားခြင်း အနုပညာဆိုတာကို သိလိုက်ပြီးနောက်ပိုင်း ပိုပြီး သတိထားပြီးကို ကြည့်မိတော့တာပဲ။ ဒီပုံစံ၊ ဒီဒီဇိုင်းကို တည်ဆောက်ခဲ့ တဲ့ လူကိုတောင် ကျေးဇူးတင်နေမိတာ။

ပြီးတော့ စိတ်မှာ ဆက်ပြီး စဉ်းစားမိသွားတာက ကျွန်မ နှစ်သက်ရတဲ့ အဆောက်အအုံပုံစံ အစိတ်အပိုင်းတွေ အကြောင်းပေါ့။ ဥပမာ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရဲ့ ဘေးနံရံက ဘီစကစ်အပိုင်းကြီး တွေပေါ့။ အဲဒါဟာ အနော်ရထာရဲ့ ပိဋကတ်တိုက် ဒီဇိုင်းကို တုပထား တာလို့ ကြားဖူးတယ်။ ကျွန်မရဲ့သိမှု မှားချင်လည်း မှားနိုင်ပါတယ်။ ကျွန်မအတွက်တော့ အချက်အလက်ဆိုတာထက် အဲဒီ ဘီစကစ်အပိုင်း တွေ (အဲဒါလည်း ကိုယ့်ဘာသာကိုယ် ခေါ်တာ) ကို ချစ်တာပါ။

ပြီးတော့ လောကနတ် ပန်းချီပြခန်းက လှေကားနဲ့ ကြမ်းခင်းတွေကို ချစ်တယ်။ ပြီးတော့ ပြာသာဒ်တွေ၊ လင်းနို့တောင် ပန်းဆွဲတွေကို ချစ်တယ်။ အဲဒါတွေပေါ့။ အဲဒါတွေကြောင့် ဖြစ်တဲ့ စိတ်ခံစားမှုကို ကျွန်မ အတိအကျတော့ မပြောပြတတ်ဘူး။ သူတို့တွေက ကျွန်မကို ပေါ့ပါးစေ တယ်။ ငြိမ်သက်စေတယ်။ သက်သောင့်သက်သာ ဖြစ်စေတယ်။ ဒါတွေ ဟာလည်း ကုစားခြင်းတစ်မျိုးပဲလို့ ဖြေစရာတွေ ထပ်ရတော့ ပျော်မိသွားရော။

အထူးအဆန်းတွေ ပြောနေတယ်လို့တော့ မထင်စေချင်ဘူး။ မွန်း ကျပ်တာတွေ၊ မှုံမှိုင်းတာတွေက များတယ် မဟုတ်လား။ အဆောက် အအုံဆိုတာ ဘာမှ တုံ့ပြန်မှုမရှိတဲ့ ထုထည် အစိုင်အခဲတွေဆိုပြီး ကျော် သွားမှာ စိုးလို့ပါ။ သူတို့တွေမှာ လေရှူပေါက်လေးတွေ ရှိကြောင်း သိစေ ချင်လို့သာပါ ...။

ဇွန် ၂၆၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၄

အခုလို ပိတ်ရက်များမှာဆိုရင် စာအုပ်ဖတ်၊ ရုပ်ရှင်ကြည့် ဟိုစပ်စပ် ဒီစပ်စပ် နည်းနည်း လုပ်တယ်။ အဲဒါတွေ မလုပ်ချင်တော့ရင် ကျွန်မ လွမ်းနေလိုက်တယ်။

နေ့လယ်နေ့ခင်းတွေက လွမ်းလို့ကောင်းတဲ့ အချိန်တွေပဲ။ လွမ်း...တယ် ဆိုတာမှာလည်း လူတစ်ယောက်၊ အကြောင်းအရာတစ်ခု ဒါမှ မဟုတ် ငယ်ဘဝ တစ်ခုခုပေါ့။ အခုလည်း လွမ်းလို့ ပြီးသွားလို့ စာ တစ်စောင် ရေးဖြစ်သွားတာ။ ကျွန်မ အပင်တွေကို လွမ်းနေတာ။ တိတိကျကျ ပြောရရင် အဖေရှိစဉ်တုန်းက စိုက်ထားခဲ့တဲ့ အပင်တွေကိုပေါ့။ အဖေက သစ်ပင်စိုက်တာ ဝါသနာသိပ်ကြီးတယ်။ အခုခေတ် အလိုဆို သဘာဝ ပတ်ဝန်းကျင်သမားလို့ ခေါ်လို့ရတဲ့ လူမျိုးပေါ့။ ကျွန်မရဲ့ စာတွေ၊ ကဗျာတွေ၊ စကားတွေထဲမှာ သစ်ပင်တွေ၊ သစ်ရွက်တွေဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပါဝင်ပတ်သက်နေတာက အဖေ့ အပင် တွေရဲ့ လွှမ်းမိုးမှုကြောင့် ဖြစ်မယ် ထင်တယ်။

ခြံထဲက သစ်ပင်တွေအကြောင်း ပြောရရင် အိမ်ရှေ့ ရေတွင်းလေး ကနေ စရမယ်။ ရေတွင်းလေး ဘေးမှာ ညမွှေးပန်းရုံ ရှိတယ်။ ကြောင် လျှာသီးပင် ရှိတယ်။ ဇီဇဝါပင် ရှိတယ်။ အဲဒီအပင်တွေက ခြံစည်းရိုးနဲ့ ကပ်နေတာ။ ရေတွင်းကနေ မျက်နှာချင်းဆိုင် ခြေလှမ်းနည်းနည်းလောက် လှမ်းလိုက်ရင် ရေကန်ရှိတယ်။ ရေကန်ဘေးမှာ ပွင့်တူရွက်တူပင်လေး ရှိတယ်။ သူ့အောက်မြေကွက်လပ်မှာ ဂမုန်းပင်တွေနဲ့ ဇော်စိမ်းတစ်ခင်း ရှိတယ်။ အဲဒီအခင်းလေးထဲကနေ အိမ်အတွက် အသုံးစရိတ် သေးသေး မွှားမွှားလေးတွေ ရတယ်။ အိမ်နောက်ဘက်မှာ ဝါးရုံနဲ့ မှို့ပင်တွေ ရှိတယ်။ အချစ်ဆုံး သတ္တဝါတွေထဲမှာ အမျိုးအမည် မသိ ငှက်သေးသေးလေး တွေ ပါနေတာ အဲဒီဝါးရုံပင်ရဲ့ ကျေးဇူးတရားပဲ။ ဝါးရွက်တွေကို ညည်း ညည်း ညူညူ လှည်းကျင်းရပေမဲ့လည်း ဆောင်းတွင်းမှာဆိုရင် အဲဒီ ဝါးရွက်တွေကပဲ မီးပုံသေးသေးလေးကို ပေးတာ။

စားပင်တွေဆိုရင် မာလကာပင် သုံးပင် ရှိတယ်။ သြဇာသီးပင် တစ်ပင် ရှိတယ်။ နာနတ်သီးပင် တစ်ပင် ရှိတယ်။ တညင်းပင်ကြီး တစ်ပင် ရှိတယ်။ အုန်းပင် နှစ်ပင် ရှိတယ်။ ဒန့်သလွန်ပင် ရှိတယ်။ ပိန်းရိုးပင်တွေ ရှိတယ်။ ပန်းပင်တွေ ပြောရရင် စံပယ်ရုံတစ်ရုံ ရှိတယ်။ ခတ္တာတစ်ရုံ ရှိတယ်။ ယုဇနပင်လေးတစ်ပင် ရှိတယ်။ ခေါင်ရမ်းပန်းတွေ ရှိတယ်။ ဘောလုံးပန်းတွေ ရှိတယ်။ လဝန်းဂမုန်းပင်တွေ ရှိတယ်။ ပြီးတော့ သစ်ခွ၊ ဒန်းစီးလေဒီ၊ ပိန်းပန်း၊ ဖယောင်းပန်း ဒါတွေ ရှိသေး တယ်။ ကျွန်မ သိပ်မမှတ်မိတော့တဲ့ အပင်လေးတွေလည်း ရှိသေးတယ်။

ကျန်တာကတော့ ရွက်လှပန်းပင်တွေပဲ။ ရွက်လှပန်းကိုမှ မျိုးစုံ နေအောင်ကို စိုက်ထားတာ။ အရောင်စုံ၊ အရွယ်စုံ၊ အရွက်စုံ ရွက်လှတွေ ပေါ့။ အဖေက ရွက်လှတွေကို သားသမီး မွေးသလိုကို ဂရုတစိုက်နဲ့ စိုက်ပျိုးထားတာ။ ဘာကြောင့် ရွက်လှပန်းတွေကိုပဲ စိုက်ပြီးရင်း စိုက် နေတာလဲလို့ မေးကြည့်တော့ ပန်းပွင့်မလိုဘဲ အရွက်တွေချည်းပဲ ရှိနေ တာ လှလို့တဲ့။ အဖေက သစ်ရွက်တွေကို ပန်းပွင့်တွေထက် ပိုကြိုက်ခဲ့ တဲ့လူ။

သစ်ပင်တွေ ရှိနေတော့ ငှက်မျိုးစုံလည်း ရှိတယ်။ ပိုးကောင် မွှားကောင်လေးတွေလည်း ရှိတယ်။ မနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ဝါးရုံတောရဲ့ ငှက်တစ်အုပ် ဒဏ်လည်း ခံရသေးတယ်။ ခူယားကောင် ထိမိတာ ဆိုတာလည်း ဘယ်နှကြိမ်မှန်း မသိ။ ခရုတွေ ကျချိန်ဆို မီးညှပ် တစ်ချောင်း၊ ကြွပ်ကြွပ်အိတ်တစ်လုံး ကိုယ်စီ ကိုင်ပြီး ခရုကောက်ရ တာလည်း အလုပ်တစ်လုပ်။ အပင်တွေ ဒီလောက်များမှတော့ မြွေဆိုတာ လည်း ရှိတာပေါ့။ ဒါပေမဲ့လေ တစ်ခါမှ ဘေးဥပဒ် မဖြစ်ခဲ့ဖူးဘူး။

ကျွန်မတို့ ခြံလေးဟာ သိပ်ချစ်ဖို့ ကောင်းတယ်။ အဖေက မြေကြီး လွတ်ရင် လွတ်သလို စိုက်တဲ့သူဆိုတော့ ခြံဟာ ခြံနဲ့မတူဘဲ တောအုပ် သေးသေးလေးနဲ့ တူတယ်။ တူတူပုန်းတမ်း ဆော့ရင် သိပ်ဆော့လို့ ကောင်းတယ်။ ဘယ်နေရာမှာ ဘာပင်တွေ ရှိတယ်ဆိုတာ သိနေတော့ တစ်ခြံလုံး ပုန်းစရာတွေချည်းပဲ။ အပင်ပေါ် တက်ပုန်းမလား၊ သစ်ပင် ရုံတွေ ကြားထဲ တိုးဝှေ့ ပုန်းမလား ကြိုက်ရာ ရွေးလို့ရတယ်။ တူတူ ပုန်းတမ်း တစ်ခါ ဆော့ရင် တော်တော်နဲ့ကို မပြီးတော့ဘူး။

အခုလို ပြန်တွေးကြည့်လိုက်မှ ကျွန်မရဲ့ ငယ်ဘဝလေးက တော်တော်လေးကို စိမ်းစိုခဲ့ပါရောလားပေါ့။ ဒါပေမဲ့ အခုတော့ အနားမှာ ဘာသစ်ပင်မှ မရှိတော့ပါဘူး။ အိပ်ခန်းပြတင်းပေါက်ကို ဖွင့်လိုက်လည်း အုတ်နံရံတစ်ချပ်ကိုပဲ တွေ့ရမှာပဲ။ အရင်လို သြဇာပင်လေးရယ်၊ ပြတင်း ပေါက်နားက အမျိုးအမည်မသိ ငှက်သေးသေးလေးရယ် ဆိုတာ အိပ်မက် ဖြစ်သွားပြီ။ အခြေအနေ ပေးရင်တော့ သင့်တင့်တဲ့ ခြံလေးတစ်ခြံမှာ အဲဒီလို အပင်လေးတွေနဲ့ နေသွားချင်တယ်။

စာဖတ်ရတာ ပျင်းသွားပြီလား။ အဲဒါဆို မိုးတဖြောက်ဖြောက် ရွာနေတဲ့ အချိန်မှာ အတိတ်အကြောင်း ပြန်ပြောနေတဲ့ ဂျပန် အနိမ့်ဖီ မေးရှင်း ရုပ်ရှင်တစ်ကားကို ကြည့်နေရသလို တွေးပြီး ဖတ်ပေါ့လေ။ လှုပ်လှုပ် လှုပ်လှုပ်နဲ့ ခြံထဲလျှောက်သွားနေတဲ့ ဂါဝန်လေးနဲ့ ကောင်မလေး ဟာ ကျွန်မပေါ့။

သြော် ... ခြံထဲ ရှိသမျှထဲ ဘယ်အပင် အကြိုက်ဆုံးလဲ ဆိုတာ ပြောပြရဦးမယ်။ အိမ်ရှေ့က ယုဇနပင်လေးပဲ ...။

ဇူလိုင် ၅၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၉

ဒီနေ့ ဩဂုတ်လ ၉ ရက်နေ့က အမေ့ မွေးနေ့ပေါ့။ ပြီးခဲ့တဲ့ ဇူလိုင် ၃၀ က ဒေါ်ဒေါ့် မွေးနေ့။ အသက်တွေ ဘယ်လောက်ထိ ရောက်ကုန် ပြီလဲ ကျွန်မ မသိဘူး။ ကျွန်မက ကိန်းဂဏန်းတွေနဲ့ ပတ်သက်ရင် အမြဲ မေ့လျော့နေတတ်တာ။ သူတို့ အသက်တွေ ဘယ်လောက် ဖြစ်ကုန်ပြီ ဆိုတာထက် အခုထိ ကျွန်မ အနားမှာ ရှိနေသေးတာပဲဆိုပြီး စိတ် ကျေနပ်မှု ယူလိုက်တာပဲ။ ထွက်ခွာဖို့မှာ ဘယ်သူက အရှေ့ ဘယ်သူက အနောက်ဆိုတဲ့ နေရာချမှု မရှိဘူး မဟုတ်လား။ ရသလောက် အတူ ရှိနေနိုင်ရေးကိုပဲ ကျွန်မက အာရုံထားတယ်။

တကယ်တော့ မနက်ဖြန်ဆိုတာ သိပ်ဝေးလွန်းတဲ့ ခရီးဖြစ်ကြောင်း တဖြည်းဖြည်း နားလည်လာပြီးတဲ့ နောက် ကျွန်မက အတူရှိနေခွင့်ကို ပိုပြီး ကုပ်တွယ်လာမိတယ်။ ကျွန်မမှာ တရားသိ ဆင်ခြင်ခြင်းတွေ ရနေပြီလို့တော့ မထင်စေချင်ဘူး။ ဘာမဆို ပင်ပန်းလွယ်သူမို့ အဝေးကြီးတွေ မတွေးချင်တဲ့ သဘောပါ။ မမြင်ရတဲ့ မနက်ဖြန်တွေကို တွေးပြီး လမ်းတွေ လျှောက်ခဲ့ရတာ ငြီးငွေ့လာပြီ။ တစ်ရက် ကုန်ဆုံးပြီး နောက် တစ်ရက် ကူးပြောင်းတဲ့အထိ ကျွန်မ ရှိနေသေးရင် ကျွန်မ လိုအပ်တဲ့သူ တွေ ကျွန်မအနား ရှိနေသေးရင် ဒါဟာ သိပ်ခံစားလို့ကောင်းတဲ့ စိတ်ရဲ့ ရသတစ်မျိုးလို့ ကျွန်မ တွေးတယ်။

ဒါဟာ ချစ်သူတွေအပေါ် ထားတဲ့ စိတ်အကြည်ဓာတ်ပါ။ အမုန်းနဲ့ ဒေါသကိုတော့ ကျွန်မ မထိန်းချုပ်နိုင်သေးဘူး။ အမုန်းနဲ့ မနှစ်မြို့မှု ဒဏ်ရာတွေကို ကျပြန်တော့ ကျွန်မက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးအထိ သယ်ဆောင်သွားချင်တာ။ အထူးသဖြင့် ဒေါသ စွက်တဲ့ အမုန်းမျိုးပေါ့။ ဒါဟာ အငြိုးအတေးသဘော မဟုတ်တော့တာ တောင် မမေ့ဘူးဆိုတဲ့ သံပတ်သံလို ဖြစ်မယ် ထင်တယ်။ လူဟာ အရိုင်း သဘော ကိန်းဝပ်နေတဲ့ သတ္တဝါဆန်းတစ်မျိုး မဟုတ်လား။

ချစ်မေတ္တာရှိသူများ အတွက်တော့ ကျွန်မမှာ ကာလသုံးပါး မရှိပါဘူး။ ပစ္စုပ္ပန်မှာပဲ တည်ပြီး နေချင်တယ်။ အတိတ်နဲ့ ပစ္စုပ္ပန်လို့ ပြောရင် ပိုမှန်လိမ့်မယ် ထင်တယ်။ အတိတ်ကို ပြန်တွေးပြီး ပျော်ရ၊ ပစ္စုပ္ပန်မှာ အတူရှိနေနိုင်သေးလို့ ပျော်ရနဲ့ ဒါကပဲ အလွန်လုံလောက်တဲ့ ပမာဏ ဖြစ်နေပြီပဲလေ။ ချစ်ခင်သူများနဲ့ ပတ်သက်တဲ့ လောဘကိုတော့ ကျွန်မ နိုင်သလောက် ထိန်းနေပါတယ်။

ပြောရဦးမယ်။ မနှစ်က အမေ့မွေးနေ့မှာ ရွက်လှပင်လေး လေးပင် စိုက်ခဲ့တယ်။ ဒီနှစ်ဆို သူတို့ တစ်နှစ်သား ရောက်ပြီပေါ့။ ကျွန်မရဲ့ ရွက်လှပင်လေးတွေ ပြီးခဲ့တဲ့ နွေမှာ ပိုးကျခဲ့တယ်။ သူတို့ လေးပင်မှာ တစ်ပင် သေသွားတယ်။ ဒီနှစ်ထိ

ရောက်မလာနိုင်ခဲ့တဲ့ ရွက်လှပင်လေး ပေါ့။ ကျွန်မပြောတဲ့ အတူရှိနေနိုင်ဖို့ ဆိုတာ အဲဒါပဲလေ။ လူအဖြစ်ကို မပြောနဲ့ သစ်ပင်လေးတစ်ပင်နဲ့ အတူရှိဖို့ကိုတောင် မထမ်းရွက်နိုင်ဘူး။

ဒါကြောင့်လေ မခွဲမခွာ အတူရှိပါရစေ ဆိုတာတွေကို ကျွန်မ မရည်မှန်းတော့တာ ကြာပြီ။ ဘာမဆို ကံပေးသလောက် အတူနေရဖို့ ကိုပဲ တွေးထားတော့တယ် ..။

ဩဂုတ် ၉၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၆

နေမျိုးဆေးရဲ့ ကျွန်တော်တို့ အိမ်လေးအကြောင်း ဖတ်ဖူးလား။ ကျွန်မတော့ အခေါက်ခေါက် အခါခါ ဖတ်တယ်။ ချစ်လွန်းလို့။ ဖတ်တိုင်း ကြည်နူးချမ်းမြေ့ရလို့။ အိမ်ဖြစ်လာဖို့ တစ်ဆင့်ချင်း၊ တစ်ရစ်ချင်း စိတ်ကူး ကို ခြေလှမ်းဖြစ်အောင် လှမ်းယူရပုံတွေပေါ့။ ဒီအိမ်လေးဟာ ကျွန်မ အတွက် မုဒိတာစိတ်နဲ့ ချစ်မိတဲ့ အိမ်လေးပဲ။

အိမ်လို့ တွေးလိုက်တာနဲ့ ကျွန်မအတွက် အရင်ဖြစ်တာက မြေကြီး နံ့ပဲ။ ပြီးတော့ သစ်ရွက်တွေ၊ ပန်းပွင့်တွေနဲ့ အသီးအနံ့ တချို့တလေပေါ့။ ကွန်ကရစ်နဲ့ ပေကျံနေတဲ့ လမ်းတွေ၊ ငှက်လှောင်အိမ်လို လေးထောင့် တိုက်ခန်းတွဲတွေဆီကနေ ကျွန်မ ဘယ်တော့မှ အိမ်အနံ့ မရဘူး။ အဆင့်မြင့် အိမ်ရာလို့ပဲခေါ်ခေါ်၊ ကွန်ဒိုလို့ပဲခေါ်ခေါ် ကျွန်မအတွက်တော့ မထူးတဲ့ ငှက်လှောင်အိမ်တွေပဲ။

ဒီ တစ်ယူသန်စိတ်ဟာ ကျွန်မရဲ့ ငယ်ဘဝနဲ့ ဆိုင်မယ် ထင်တယ်။ ငယ်ဘဝမှာ မြေကြီးနဲ့၊ သစ်ရွက်နဲ့၊ ခူကောင်၊ ပိုးကောင်လေးတွေနဲ့ တို့ထိ ကြီးပြင်းခဲ့ရလို့ ထင်တယ်။ ဒါတောင် ကျွန်မက မြို့ပြဆင်ခြေဖုံး ရပ်ကွက်လေးတစ်ခုက ကလေးငယ်နော်။ သဘာဝတရားနဲ့ တစ်သား တည်း ကြီးပြင်းခဲ့ရသူ မဟုတ်သေးဘူး။ တောတောင်ကို လှမ်းမြင်နေ ရပြီး လေကို စစ်ထုတ်ဖို့မလိုဘဲ ရှူသွင်းခွင့်ရတဲ့ သဘာဝနဲ့ ကြီးပြင်းခဲ့ ရမယ်ဆို ဘယ်လိုတောင် နေမလဲ မသိဘူး။

ကျွန်မ အိမ်လေးတစ်လုံး ဆောက်ချင်တယ်။ သင့်တင့်တဲ့ မြေ အကျယ်အဝန်းလေးနဲ့ နှစ်သက်ဖွယ် ပတ်ဝန်းကျင်လေးနဲ့ပေါ့။ ဒါမှ မဟုတ် လူသူ အရောက်အပေါက်နည်းတဲ့ မြို့စွန်က ခြံအကျယ်ကြီးမှာပဲ ဖြစ်ဖြစ်ပေါ့။ ဒါမှမဟုတ် လယ်ကွင်းတွေနဲ့ စိုက်ခင်းတွေ ကြားမှာပဲ ဖြစ်ဖြစ်ပေါ့။ အဲဒီ ဖြစ်လိုစိတ်ဟာ ကျွန်မဆီ တရိပ်ရိပ် တက်လာနေတဲ့ မိုးသားတွေလိုပဲ။

ကျွန်မရဲ့ အိမ်လေးမှာ သစ်ပင်တွေနဲ့ ပြည့်နေစေချင်တယ်။ ခြံထဲ လမ်းဆင်းလျှောက်စရာ မြေနေရာအလွတ်လေးလည်း ရှိရမယ်။ အိမ် နောက်ဖေးမှာလည်း စာထိုင်ဖတ်ရင် အရိပ်ရဖို့ ခရေတစ်ပင်လည်း ရှိရ မယ်။ စက္ကူပန်းတွေကတော့ မပါမဖြစ်ပေါ့။ ဘဝရဲ့ လက်ကျန်သက်တမ်း တွေမှာ သစ်ပင်တွေ စိုက်မယ်။ ကဗျာ ဖတ်မယ်။ ရုပ်ရှင် ကြည့်မယ်။ မနက်ခင်း လမ်းလျှောက်ထွက်မယ်။ ညနေခင်းလည်း လမ်းလျှောက် ထွက်မယ်။

အမျိုးသား တစ်ယောက်ယောက်နဲ့လည်း ဒီအိမ်လေးထဲမှာ အတူ နေဖြစ်ချင်

နေဖြစ်မယ်။ ခွေးလေးတစ်ကောင်လောက် မွေးမယ်။ သားသမီး မယူဘူး။ ဘယ်ကလေးကိုမှ ကျွန်မဘဝထဲ ခေါ်မသွင်းတော့ဘူး။ ဘယ်လို အကြောင်းတရားနဲ့မှ အသက်ဓာတ်တစ်ခုကို မဖန်တီးတော့ဘူး။

ကျွန်မ အိမ်လေးဟာ သက်သောင့်သက်သာ ဖြစ်နေစေရမယ်။ ကိုယ်ရောစိတ်ပါ နွမ်းနယ်မှုကနေ လွတ်မြောက်နေစေရမယ်။ အိမ်ကို ပြန်ရောက်တဲ့အခါ အနည်းဆုံး တစ်ချက်တော့ ပြုံးပြီး၊ အများဆုံး အော်ဟစ် ငိုပစ်လို့ ရနိုင်တာမျိုးပေါ့။ အိမ်ပြန်လာပြီး အိမ်ပြန်မရောက် တဲ့ အိမ် မဖြစ်ချင်ဘူး။

စာကိုဖတ်ရင်း ပြုံးနေပြီလား။ စိတ်ကူးတွေကို စီကာပတ်ကုံး ပြောတတ်တဲ့ အကျင့်က မပျောက်သေးဘူးလို့ ထင်နေမှာပဲ။ ဟုတ်ပါတယ်။ စိတ်ကူးတွေ ပြောရတာကို ကျွန်မကလည်း အခုထိ ကြိုက်နေတုန်းပဲ။ စိတ်သက်သာရာ ရတယ်လေ။ အနည်းဆုံးတော့ ကျွန်မ အပန်းဖြေလို့ ရတဲ့ အိမ်လေးကို ကျွန်မ စိတ်ကူးထဲမှာ ဆောက်ထားတယ်လေ။

စိတ်ကူးထဲမှာ အိမ်လေး တစ်လုံးလောက်တော့ ဆောက်ကြည့် သင့်တယ် ထင်တာပဲ။

ဩဂုတ် ၂၀၊ ၂၀၂၀။

လှမ်းလို့ ရေးတဲ့စာ - ၂၇

စိုးရိမ်စရာတွေက ပြန်လည် ရောက်ရှိလာပြန်ပြီ။ အခုဆို လေတွေ တိုက်ရင်ကိုပဲ ကျွန်မမှာ မလုံခြုံသလို ခံစားနေရတယ်။ ဒီနေ့ ညနေမှာ ပေါ့။ မှတ်တိုင်မှာ YBS စောင့်နေတုန်း လေတိုက်လို့ လုံချည် အောက် နားစတွေ လှုပ်သွားတာကို ငုံ့ကြည့်မိတယ်။ ကျွန်မရှေ့က မြက်ပင်လေး တွေကလည်း တလှုပ်လှုပ်နဲ့။ ရုတ်တရက် စိတ်ထဲကနေ The Happening ရုပ်ရှင်ကို သတိရသွားတယ်။ ထိတ်လန့်တုန်လှုပ်စရာ လေတိုက်ခတ်မှု တွေလေ။ မမြင်ရတဲ့ အန္တရာယ်အငွေ့တွေ ပါနေတဲ့ လေတိုက်ခတ်မှု တွေလေ။ တဝေါဝေါ အသံပေးပြီး ကိုယ့်ဆီ ပြေးဝင်လာတဲ့ လေတွေရဲ့ လွတ်ရာကို အသက်လု ပြေးရပုံတွေလေ။ ကြည့်ဖူးတယ်ဆိုရင် မှတ်မိမှာ ပေါ့။

ကျွန်မ မှတ်ဉာဏ်တွေ အလုပ်လုပ်ပုံကို တစ်ခါတလေ တော်တော် စိတ်ကုန်တယ်။ ဒီအချိန်မှာ ဒီလိုမျိုး မထော်မနန်းနိုင်တဲ့ အမှတ်ရမှုမျိုး ကို မထုတ်ပြသင့်ဘူးလေ။ အလုံပိတ်အခန်း တစ်ခုထဲမှာ လေအတုနဲ့ တစ်နေကုန် နေခဲ့ရချိန် အပြင်ထွက်လာမှ ရတဲ့ သဘာဝလေထုအပေါ် ကျေးဇူးတင်တဲ့ စိတ်ကူးမှတ်ဉာဏ်မျိုး ထည့်ပေးရမှာ မဟုတ်ဘူးလား။ ချိန်သားကိုက်တဲ့ မှတ်ဉာဏ်မျိုးပဲ ကျွန်မက လိုချင်တာ။ အခုတော့ လေတိုက်ခတ်မှုကို ကျွန်မက စိုးရိမ်စိတ် ဝင်နေရတယ်။

လူ့အဖြစ်ကလည်း ရယ်ရတယ်နော်။ တိုက်ခိုက်ငြင်းခုံဖို့ ဘက် နှစ်ခုတောင် မလိုဘူး။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်မှာပဲ တည့်အောင် ကြိုးစား နေရတယ်။ ကျွန်မလေ နှလုံးသားနဲ့ ဦးနှောက် မျှတအောင် နေရမယ်လို့ ယုံကြည်ခဲ့ဖူးတယ်။ ဖရွိုက်ရဲ့ စာအုပ်တွေ မဖတ်ဖူးခင်ကပေါ့။ အခုတော့ ဦးနှောက်ရဲ့ လင်းဗစ်စနစ်တွေ၊ နီယိုကောတစ်တွေအကြောင်း အနည်း အပါး သိခဲ့ရပြီးမှ ဦးနှောက်ရဲ့ အတွန့်အခွေတွေနဲ့ နာ့ဗ်ကြောတွေကိုပဲ အာရုံကျနေတော့တာ။ နှလုံးသားဆိုတာ စက်ပစ္စည်း သာသာရယ်ပါ။

ဒါပေမဲ့ ချစ်တာ၊ မုန်းတာကို သူကပဲ စီမံနေရသလို နာမည်ကောင်း ကိုတော့ ယူနေဆဲပဲ။ ကမ္ဘာပေါ်မှာ သူချည်းပဲ နေရာယူထားတယ်။ ခန္ဓာ ကိုယ်က သွေးတွေကို အသယ်အပို့ လုပ်ပေးရတဲ့ ဒလီဗာရီ လုပ်သားလေး ဆိုတာ သူ့ကိုယ်သူတောင် မေ့နေပြီလား မသိဘူး။ heart ထိတယ် ဆိုပြီး လူ့ပေါ်ကြော့ လုပ်ပြနေတာတော့ နည်းနည်း မြင်ပြင်းကတ်တယ်။

ပြောနေရင်းနဲ့ စကားတွေက လမ်းကြောင်းလွဲပြန်ပြီနော်။ နှလုံးသား

အကြောင်းကို အတင်းတုပ် နေရတာနဲ့ စိုးရိမ်ထိတ်လန့်မှုက ဘယ် ပျောက်သွားပြီလဲ မသိတော့ဘူး။ မဟုတ်တဲ့ မှတ်ဉာဏ်ကို ထုတ်ပေးမိလို့ ဦးနှောက်က ကျွန်မကို ပြန်ချော့တာ ထင်တယ်။

တကယ်တော့လေ ... ကျွန်မ ဦးနှောက်လေးကို ကျွန်မ ချစ်ပါ တယ်။ ကျွန်မ ခြေတွေ လက်တွေနဲ့ ကျွန်မရဲ့ ကိုယ်တွင်းအင်္ဂါလေးတွေ ကိုလည်း ကျွန်မ ချစ်ပါတယ်။ ဘာမှန်း မသိတဲ့ ကျွန်မရဲ့ စိတ်ဝိညာဉ် လေးကိုလည်း ကျွန်မ ချစ်ပါတယ်။ ကိုယ်ထူကိုယ်ထဆိုတဲ့ စကားလေးကို ကျွန်မတို့အတွက် ဖန်တီးထားတာ ဘယ်လောက် လှသလဲလေနော်။

ဒီလို ဆင်ခြင်လိုက်တော့ နေရထိုင်ရတာ အဆင်ပြေသွားလား လို့ မေးရင်တော့ ကျွန်မက ငြင်းရလိမ့်မယ်။ အဆင်ပြေတယ်၊ အဆင်မပြေဘူး ဆိုတာတွေကို ကျွန်မ ချိန်ထိုး တွက်ချက်မနေချင်တော့ဘူး။ ရှင်သန်မှုက အစိမ်းစားခံရခြင်းပါပဲ ဆိုတဲ့ သုခမိန်လှိုင်ရဲ့ ဆာရီမီး ကဗျာကို ဖတ်ပြီးပြီ မဟုတ်လား။ အဲဒီလိုပါပဲ။

စက်တင်ဘာ ၄၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၈

ကျွန်မ အိမ်ထဲကို နောက်တစ်ခေါက် ပြန်ရောက်နေရပြန်ပြီ။ ပြတင်းပေါက် သံတိုင်တွေကြားထဲကနေ အပြင်ဘက်က သစ်ရွက်တွေကို လှမ်းကြည့်ပြီး ဒီလို နေထိုင်နေရတာဟာ လူ့သမိုင်းရဲ့ အရှုံးလို့ ထင်နေ မိတယ်။ ကမ္ဘာ့အပြင်ဘက်အထိ ခြေလက်ဆန့်ထွက်ခဲ့တဲ့ လူသားတွေက အခုတော့ အိမ်ထဲမှာ နေနေရတယ်။ မမြင်ရတဲ့ အရာတစ်ခုက ခိုင်းစေနေ သလို နှာခေါင်းရဲ့ အနံ့ခံအာရုံကို လှုံ့ဆော်နေရတာလည်း လေ့ကျင့်ပေး ထားခံရတဲ့ ခွေးတွေလိုပဲ။ ကိုယ့်အဖြစ် ကိုယ် အဲ့သလို တွေးကြည့်မိတော့ ရယ်ချင်လာရော။ ပျော်အောင် နေရတာပဲလေ။ မပျော်နိုင်ရင် အရှုံး ဖြစ် သွားမှာပေါ့။

ဒီရက်တွေမှာလည်း ကျွန်မ မကြိုက်တဲ့ မိုးတွေ ရွာတယ်။ အသံ တိတ်နေတဲ့ ပတ်ဝန်းကျင်မှာ မိုးတွေ ရွာနေတာ ဘယ်နေရာမှ မကောင်း ဘူး။ မိုးရွာချိန် အပြင်ကို ငေးကြည့်ရတာ စိတ္တဇလူသတ်သမား ရုပ်ရှင် တွေထဲက မိုးများတဲ့ မြို့လေးတစ်မြို့လိုပဲ။ ဒါပေမဲ့ ကျွန်မ အဆင်ပြေပါတယ်။ အိမ်ထဲမှာနေရင်း သီချင်းတွေ ဆိုဖြစ်နေတယ်။ နေ့လယ်နေ့ခင်း တွေဆို ကျွန်မရဲ့ အလုပ်စားပွဲပေါ်က ကွန်ပျူတာ ကီးဘုတ်ရိုက်သံက လွဲပြီး တစ်အိမ်လုံးက တိတ်ဆိတ်နေတာ။ အဲဒီအချိန် ကျွန်မ သီချင်းဆိုတယ်။ အစီအစဉ်တကျတော့ မဟုတ်ဘူးပေါ့။ တောင်ရောက် မြောက်ရောက် ပါပဲ။

ငြိမ်ငြိမ်လေး နေရပြီဆိုရင် စိတ်ဟာ သိပ်လှုပ်တယ်။ မိုင်တွေ အများကြီး ပြေးပြီး ပင်လယ်လှိုင်းသံပဲ ကြားနေရသလိုလို၊ ပြည်အနောက် ဘက်ကမ်းက သြဇာသီးသည်တွေကိုပဲ လွမ်းနေသလိုလို။ ကျွန်မ ခရီး ထွက်ချင်တယ်။ ခြေလက်ဆန့်လို့ရတဲ့ အခြေအနေတွေများ ပြန်ရရင် ကျွန်မ ပြည်မြို့လေးကို ထပ်သွားဦးမယ်။ မြစ်ကို ငေးဦးမယ်။ သြဇာသီး ကို အသံဝင်တဲ့အထိ စားပစ်ဦးမယ်။ ပြီးတော့ ကလောကို သွားမယ်။ မြတ် ပြောတဲ့ ထင်းရှူးတောတန်းတွေကို ကျွန်မ ကြည့်ရဦးမယ်။ အခုတော့ အိမ်ထဲမှာ ထိုင်နေရင်း ပန်းဆိုးတန်း လမ်းမကြီးကို လွမ်းနေမိတယ်။

စိတ်နဲ့ သွားရတဲ့ ခရီးတွေမှာ အလိုရှိရာကို ရောက်နိုင်တယ် မဟုတ်လား။ ဒီတော့ အရပ်ဒေသတွေဆီလည်း ရောက်သလို ချစ်သူ တွေဆီလည်း စိတ်က ရောက်တယ်။ ဒီကပ်ကာလကြီးထဲ ချစ်ရသူတွေ တစ်ယောက်မှ ပွဲမပါသွားစေဖို့ မေတ္တာစိတ် ပွားရတယ်။ ဆုတောင်း တယ်ဆိုတာမျိုးက တစ်ဦးတစ်ယောက်ဆီ တိုင်တည်ပြီး အားကိုးရှာတာ ပဲလေ။ ဒါကြောင့် ကျွန်မက မေတ္တာစိတ်ပဲ ပွားတယ်။

ကျွန်းမှာ ဘေးကင်း စွာ ရှိပါစေပေါ့။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး စကားပြော နိုင်ဖို့ဟာ ဘယ်လောက် ကံထူးသလဲဆိုတာ ဘေးကြုံမှ သိရတာပဲ။

ထားပါလေ။ အညိုရောင်သမ်းတဲ့ စကားတွေ မပြောချင်ပါဘူး။ ကျွန်မက အမှိုင်းလွှယ်တာကို အခုထိ မထိန်းချုပ်နိုင်သေးဘူး။ ဒါကြောင့် တော့ စိတ်မပူစေချင်ဘူး။ ကျွန်မလေ သင့်သလောက်တော့ ပျော်အောင် နေတတ်နေပါပြီ။

အခုလည်း ကျွန်မ သီချင်းတွေ ဆိုနေတဲ့အကြောင်း ပြောပြချင် လာလို့ပဲ။ သီချင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် အပြည့်မဟုတ်ဘဲ အပြတ်အပြတ်တွေ ဆိုနေရတာကို သဘောကျနေမိတယ်။ သီချင်းတွေဟာ ပြတင်းပေါက်တွေဆိုတာ ကျွန်မ ယုံတယ်။

ကောင်းကင်မှာ တိမ်ကင်းစင်ပြီး စိတ်ကြည်လင်နေတဲ့ တစ်နေ့ တော့ က,ဖို့ ကြိုးစားကြည့်ဦးမယ် …။

စက်တင်ဘာ ၂၃၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၂၉

ဆောင်းရက်တွေ ရောက်လာပြန်ပြီ။ မြူလည်း မထူထပ်သေး၊ အအေးဓာတ်လည်း အလုံအလောက် မရသေးပေမဲ့ ဆောင်းမနက်ခင်း တွေမှာ ကျွန်မ လမ်းလျှောက်ချင်တယ်။ ရာသီဥတုတွေမှာ ကျွန်မ သဘော ကျရတဲ့ ကာလအပိုင်းအခြားလေးတွေ ရှိတယ်။ နွေနေ့လယ်ခင်း၊ မိုးည တွေနဲ့ ဆောင်း မနက်ခင်းတွေပဲ။

ဆောင်းမနက်ခင်း ဆိုပေမဲ့ နှင်းထုမရှိတဲ့ အရပ်ဒေသမှာ ရှင်သန်သူမို့ ကျွန်မ အမြင့်ဆုံး ရနိုင်တာကတော့ ပိန်းပိတ်အောင် ဖြူဆွတ်နေတဲ့ မြူထုနဲ့ သစ်ရွက်ဖျားပေါ်က နှင်းစက်ရည်တွေပေါ့။ ကျွန်မမှ နှင်း မမြင် ဖူးတာ။ ရေမျက်နှာပြင်တွေ ခဲပြီး မြက်ပင်တွေဟာ ရေခဲမှုန်တွေ ဖြစ်ကုန် တာ ကျွန်မမှ မမြင်ဖူးတာ။ ခပ်မှိုင်းမှိုင်းပဲ အေးရတဲ့ ဆောင်းကိုပဲ ကျွန်မ ရင်းနှီး ကျွမ်းဝင်တယ်။

မြူတွေ ဆိုင်းနေတဲ့ ဆောင်းမနက်ခင်းကို ငယ်ငယ်ကတည်းက ချစ်ခဲ့ရတာ။ ဟိုတုန်းကဆိုရင် မြူတွေလည်း ဒီ့ထက် ပိုထူတယ်။ သစ်ရွက်တွေလည်း ဒီ့ထက် ပိုစိုတယ်။ ရာသီဥတုက ဒီ့ထက် ပိုအေးပြီး လူတွေကလည်း ဒီ့ထက် ပိုနွေးတယ်။ ရယ်စရာပဲနော်။ ဘဝရဲ့ တစ်ဆစ်ချိုးကိုပဲ ကျွန်မ ဖြတ်သန်းနေရတုန်း ဆိုပေမဲ့ အတိတ်ကို သိပ်လွမ်းတတ် လာတယ်။ အဘွားအို ပေါက်စလေးလိုပဲ။ တစ်ခုခု ဆိုတာနဲ့ အရင်တုန်းက လေလို့ အစချီလိုက်ရမှ။ ကျွန်မ သဘောကျရတဲ့ Ancient ရဲ့ ကဗျာ လေးလိုများ ဖြစ်နေသလား မသိဘူး။ ပစ္စုပ္ပန်မှာ မအောင်မြင်တဲ့သူဟာ အတိတ်ကို ပိုလွမ်းတတ်ကြတယ် … တဲ့။

ကျွန်မကတော့ လွမ်းတာပဲ။ ဟိုတုန်းကလေလို့ ပြောပြောပြီး အဲဒီ ကာလမှာ ရှိခဲ့တဲ့ အရာတွေနဲ့၊ အဲဒီကာလမှာ ရှိခဲ့တဲ့ ကျွန်မကိုယ်ကျွန်မ ပြန်လွမ်းတယ်။ မြူတွေ ပိတ်နေတဲ့ ဆောင်းမနက်ခင်းတွေကို ကျွန်မ မှတ်မိနေတယ်။ ရှေ့တစ်လံလောက်က လွဲပြီး ဘာမှ မမြင်ရတော့တာကို ကျွန်မ စွဲလမ်းတယ်။ နောက်ကို ပြန်လှည့်ကြည့်တော့လည်း မြူထုပဲ။ ရှေ့ကို ကြည့်တော့လည်း မြူထုပဲ။ စကားသံတွေကို ကြားပြီး လူတွေကို ခပ်ရေးရေးပဲ မြင်နေရရင်း အနားနီးလာတော့မှ မြူမှုန်တွေထဲက ဘွားခနဲ မြင်လိုက်ရတာမျိုးကို ကျွန်မ သဘောကျတယ်။

ပြီးတော့ ဆောင်းမနက်ခင်းတွေဆို မြရာရွက်ပေါ်က ကောက်ညှင်း ပေါင်းအနံ့က ကျွန်မဆီ တိုးဝှေ့ ဝင်လာတုန်းပဲ။ ဘယ်လောက်ထိလဲဆို မြရာရွက်ပေါ်က ကောက်ညှင်းပေါင်းပူပူလေးရဲ့ အပူငွေ့က ကြီးရင့် လာတဲ့ မနက်ခင်းတွေထိ အငွေ့လာဟပ်နေတုန်းပဲ။ သက်သောင့် သက် သာ နေ့ရက်တွေဟာ

မေ့ပစ်စရာမှ မဟုတ်တာနော်။

အခုဆို ဒီဇင်ဘာ ရောက်လာပြီ။ ရန်ကုန်ဆောင်းဟာ ချွေးစို့နေ တုန်းပါပဲ။ အအေးဓာတ်ကို မျှော်နေရတယ်။ ပြီးတော့ ဆောင်တော်ကူး ပန်းကို မျှော်ရတယ်။ ပြီးခဲ့တဲ့ ဆောင်းမှာ ကျွန်မ ဆောင်တော်ကူးကို လုံးဝ မတွေ့ခဲ့လိုက်ရဘူး။ သိပ်ဝမ်းနည်းဖို့ ကောင်းတာပဲ။ ပန်းပွင့်ကိုပဲ မျှော်ခဲ့တာတောင် လွဲချော်ခဲ့ရတယ်။ ကျွန်မက နည်းနည်းပါးပါးပဲ လိုချင် တတ်တဲ့လူပါ။ အဲဒီ နည်းနည်းလေးတွေကိုပဲ မရနိုင်ဘူး ဆိုတာကတော့ ကျွန်မအပေါ် ရက်စက်လွန်းရာ မကျဘူးလား။

ဒါကြောင့် ကျွန်မ ဒီနှစ်တော့ ဆောင်တော်ကူးကို တွေ့ရမှ ဖြစ်မယ်။ ကြည့် စကားအတိုင်း ပြောရရင် ဖောင်းကျွတ်အောင် မော့ကြည့်ရတဲ့ ဆောင်တော်ကူးပင်မျိုးကို မမျှော်လင့်ပါဘူး။ ဒါက အရမ်း လောဘကြီး လွန်းရာ ကျတယ်လေ။ ဆောင်တော်ကူးပန်း တစ်ခက် နှစ်ခက် ဆိုရင်ပဲ ကျွန်မအဖို့ လုံလောက်တယ်။

ရည်ရွယ်ထားတာက ဒီလို။ မြူတွေ ထူတဲ့ မနက်ခင်းတစ်ခုမှာ ကျွန်မ အကြိုက်ဆုံး ဆွယ်တာလေးကို ဝတ်ပြီး လမ်းလျှောက်ထွက်မယ်။ ကောက်ညှင်းပေါင်းပူပူလေး ဝယ်စားမယ်။ ဆောင်တော်ကူး ပန်းသည် လေး တွေ့ရင် ပန်းဝယ်မယ်။ မြူတွေ ကွဲပြီး နေရောင် နုနုနွေးနွေးလေး ဖြာလာတော့မှ အိမ်ပြန်မယ်။ အဲဒီလို မနက်ခင်းတွေမှာ လမ်းလျှောက် ထွက်ပြီး အရမ်း အေးတယ်နော်လို့ ပြောချင်တာ။

ရန်ကုန်သူက အကဲပိုတယ်လို့ ပြောရင်လည်း ပြုံးနေရုံပေါ့။

ဒီဇင်ဘာ ၂၊ ၂၀၂၀။

လွမ်းလို့ ရေးတဲ့စာ - ၃၀

ကျွန်မ ကန္တာရဆူးပင် ဖြစ်ချင်တယ်။ ဒါမှမဟုတ် အဆိပ်ဖြစ်စေ တဲ့ အစားအသောက်တစ်ခုခု ဖြစ်ချင်တယ်။ ဒါမှမဟုတ် လူကို သေစေနိုင် တဲ့ လက်နက်တစ်ခုခု ဖြစ်ချင်တယ်။

အတွင်းမှာ ငြိမ်ငြိမ်ဝပ်ဝပ် ထိုင်နေတဲ့ ကျွန်မ အသည်းနှလုံးက အခြေအနေ သိပ်မကောင်းတော့ဘူး။ အဆိပ်မိပြီး အဲဒီလို အတွေးတွေကို တရစပ် တွေးမိစေအောင် တွန်းပို့နေတယ်။ ကျွန်မနဲ့ မတူတော့ဘူးလို့ ပြောလာခဲ့ရင် ကျွန်မ စိတ်မဆိုးပါဘူး။ အရင်က ကျွန်မကို ကျွန်မ ကိုယ် တိုင်လည်း ရှာလို့ မတွေ့တော့ဘူး။ အောင်ခင်မြင့်ရဲ့ "တကယ်မရှိသော နှစ်များက ပြန်လည်ထုပ်ပိုးထားတဲ့ ပါကင်စ အသစ်တစ်ခုနဲ့ ကျွန်မဆီ ရောက်လာတာက စတာပဲ။ ကျွန်မ မကြုံဖူး၊ မတွေ့ဖူး၊ မကြားဖူးတဲ့ အနံ့အရသာ ဆိုးဆိုးရွားရွားကြီးနဲ့ အဲဒီ ပါကင်ထုပ်ကြီးက ကျွန်မဆီ ရောက်လာခဲ့တယ်။ နေ့တွေက အရည်ပျော်ပြီး ညတွေက အေးစက် တောင့်ခဲသွားတယ်။ ကျွန်မလေ ခြေတစ်လှမ်းတောင် မရွေ့ရသေးဘဲနဲ့ အဲဒီ ကြားကာလထဲ အလိုအလျောက် ရောက်သွားရတယ်။

နေ့တွေ အရည်ပျော်သွားတာများ တုန်လှုပ်ဖို့ သိပ်ကောင်းတယ်။ မနက်ဖြန်ဆိုတာကို မတွေးမိစေတဲ့အထိ နေ့တွေက နာရီအလိုက် အရည်ပျော်ကျကုန်ကြတယ်။

အရင်က နေရောင်တောက်တောက် အောက်မှာ လုပ်ကိုင်ခဲ့ဖူးတဲ့ အရာတွေဟာ မျက်စိရှေ့မှာတင် အကုန် ပျောက်ကွယ် သွားကြတယ်။ အရင်က လျှောက်ခဲ့ဖူးတဲ့ လမ်းမတွေဟာလည်း အချွန် အတက်တွေနဲ့ ပုံပျက်ပန်းပျက် ဖြစ်ကုန်ကြတယ်။ ဒါတွေကို မမြင်လိုက် ရသူဆို ယုံနိုင်စရာတောင် ရှိမှာ မဟုတ်တဲ့အထိ လမ်းမတွေနဲ့ နေ့တွေဟာ ရုတ်ခြည်း ပြောင်းလဲသွားကြတာ။ ကျွန်မဖြင့် ကိုယ်တိုင် မြင်တွေ့ရလို့ သာ ယုံနိုင်ခဲ့တာ။ ဒါတောင်မှ ကျွန်မရဲ့ ရာခိုင်နှုန်း ရှစ်ဆယ်ကျော် လောက်က အဲဒီအရာကို ငြင်းဆန်ဖို့ ကြိုးစားနေတုန်းပဲ။

အသံမဲ့သွားတဲ့ ညတွေဟာလည်း ကြည့်ရတာ ရုပ်ပျက်ဆင်းပျက် နိုင်လွန်းတယ်။ ဘယ်သူမှလည်း သူတို့ကို အဖော်အပေါင်း မလုပ်ချင် ဘူး။ ခြောက်ကပ် တိတ်ဆိတ်ပြီး ရင်ဘတ်ပေါ်မှာ ခပ်မှိုင်မှိုင် တက်ထိုင် နေတဲ့ ညတွေပေါ့။ ချာလီချက်ပလင် နှုတ်ခမ်းမွေးနဲ့ ဟစ်တလာ နှုတ်ခမ်း မွေး မှားယွင်းသွားတဲ့ ညတွေပေါ့။ အဲဒီ အသံကင်းမဲ့နေတဲ့ အမှောင်ထု ကြီးက ဘယ်လောက် ရွံရှာဖွယ်ကောင်းသလဲ ဆိုတာကို ပြောပြဖို့ ကျွန်မ မှာ စကားလုံးတွေ ပျောက်သွားရတဲ့

အထိပဲ။

အရင်က မပျော်ဘူး ဆိုတာတွေက ဒီအချိန်မှာ အရောင်တောက် နေတာကို ကြည့်ပြီး ဒီအမှောင်ထု ဘယ်လောက် ကြီးသလဲဆိုတာ ကျွန်မ တိုင်းဆကြည့်မိတယ်။ မပျော်တာတွေကို ဘဝရဲ့ ရွေ့လျားမှုအလိုက် တွေ့ခဲ့ဖူးပေမဲ့ ဒီတစ်ခေါက် မပျော်ရွှင်မှုက အတိုင်းအဆ ပိုကြီးပြီး ပိုပြီး လေးလံ ဖိစီးတယ်။ မပျော်မှုကို ရာခိုင်နှုန်း တွက်ပြရင် ဘယ်လောက် ရှိမလဲ မသိဘူး။ မိုးတစ်စက်မှ မကျရောက်ဖူးတဲ့ ကန္တာရကွင်းပြင်လို ကျွန်မ မပျော်မှုနှုန်းက အဲဒီလောက် ရှိမယ် ထင်တယ်။ ပြီးတော့ အဲဒီ အမှောင်ထုက ကျွန်မ နှလုံးသားက လက်ခံသလောက် ဆန့်ထုတ်နိုင်စွမ်း ရှိတာကိုလည်း သိလိုက်ရတယ်။ ဒါကြောင့် ဒီအမှောင်ထုကို အရှုံးမပေးဘူးဆိုပြီး ကျွန်မ ရုန်းထွက်တယ်။ ရုန်းလေ ပွန်းပဲ့ ဒဏ်ရာရလေပါပဲ။ အခု ဆို ကျွန်မ တစ်ကိုယ်လုံးလည်း ခြစ်ရာရှရာတွေချည်းပဲ။ ဒါပေမဲ့ ရပါ တယ်။ မလိုချင်တာကို ငြင်းဆန်ရခြင်း လမ်းဟာ အမြဲ ခက်ခဲကြမ်းတမ်း တယ် မဟုတ်လား။

ဒါနဲ့လေ မနေ့က ဇီဇဝါပန်းလေး စပွင့်တယ်။ ဇီဇဝါတွေကို ပြန် လိုချင်တာနဲ့ တခုတ်တရ ဝယ်ပြီး စိုက်ထားခဲ့တာ။ အဲဒါ ပန်းလေး စပွင့် တယ်။ ဖြူဆွတ်ပြီး လှနေလိုက်တာ။ မေ့လုနီးပါးဖြစ်နေတဲ့ ဇီဇဝါပန်း အနံ့ကို ပြန်ရတော့ အမှောင်တိုက်ထဲကနေ အလင်းပွင့်တစ်ခုကို မြင်လိုက် ရသလိုပဲ။ ပန်းတွေဟာ အချိန်ကာလတိုင်းမှာ ရှင်သန်နိုင်ခဲ့တာပဲ၊ သူတို့ အခုအခံဟာ ဘာများဖြစ်မလဲလို့ ပွင့်ချပ်တွေကို ကြည့်ပြီး ရနံ့ကို ရှူရှိုက် ပြီး ကျွန်မ တွေးနေမိတယ်။

အဖြေ သိခဲ့ရင် ကျွန်မဆီ စာပြန်ပါ။ ဒါတွေ ဖြစ်နေရတာ မင်း အပြစ် မပါပါဘူးဆိုတဲ့ စကားလေးပါ ဖြစ်နိုင်ရင် ထည့်ရေးပေးပါ။ ဩော် ... မေ့တော့မလို့၊ ကျွန်မ ဆံပင်တွေ ညှပ်လိုက်ပြီ။

မတ်လ ၂၃၊ ၂၀၂၁။

လွမ်းလို့ ရေးတဲ့စာ □ ၃၁

ဘွတ်ကလုံငှက်ကို မြင်ဖူးသလား။ နှုတ်သီးချွန်ချွန်၊ အမြီးရှည်ရှည်၊ ကိုယ်ထည်က သွယ်သွယ် လုံးလုံးလေးနဲ့ ခေါင်းနီပြီး အမောက်ပါတဲ့ ငှက်ကလေးလေ။ ချစ်ဖို့ သိပ်ကောင်းတယ်။ သူ့ဟန်ပန်က တော်တော် လေးကို စတိုင်ကျပေမဲ့ နာမည်လေးကျတော့ တောဆန်တယ်လို့ ကျွန်မက ထင်တယ်။ ဘွတ်ကလုံ ... တဲ့။ လယ်ကွင်းထဲမှာ ရွှံ့လူးနေတဲ့ ကျေးတော ငှက်ကလေး နာမည်မျိုး။ ပူလောင်ပြင်းပြနေရတဲ့ အခုလို နွေရက်ကြီးထဲ ကျွန်မကို စိတ်ပြေစေတဲ့ ငှက်ကလေးတွေအကြောင်း ပြောပြချင်လာလို့ပါ။

အဲဒီ ဘွတ်ကလုံ ငှက်ကလေးတွေက အိမ်ရှေ့က ကံ့ကော်ပင်မှာ အသိုက်ဆောက်ပြီး နေနေကြတယ်။ အခုဆို သားပေါက်ကလေး နှစ်ကောင် တောင် ရှိနေပြီ။ ဘယ်တော့မှ အပွင့်မပွင့်ပဲ ရွက်လှပင်လို့ သူကိုယ့်သူ ထင်နေတဲ့ ငါတို့ရဲ့ ကံ့ကော်ပင်လေးက ခုများတော့ မိသားစုနဲ့ ကလေးတောင် မွေးပြီလို့ ကျွန်မတို့ ညီအစ်မတွေ ပြောဖြစ်ကြတယ်။ ကံ့ကော်ပင် ရဲ့အကိုင်း ခွဆုံနေရာလေးမှာ သူတို့ အသိုက်လေးကို ဆောက်ထားတာ။ အသိုက်လေးက စောက်နက်တဲ့ လက်ဖက်ရည် ပန်းကန်လုံးလေးနဲ့ တူ တယ်။ စာကလေး အသိုက်လို ရှုပ်ပွထနေပုံမျိုး မဟုတ်ဘူး။ တကယ့်ကို လက်ရာကောင်းတဲ့ အသိုက်လေး။

ကလေးလေးတွေ ရလာတော့ အဲဒီ ဘွတ်ကလုံ ငှက်အဖေနဲ့ ငှက် အမေကြီးက ကျွန်မတို့ကို တအား ရန်ပြုတယ်။ သစ်ပင်ရေလောင်းချိန် သူ့အပင်နား ကပ်မိရင်ပဲဖြစ်ဖြစ်၊ အဝတ်ထွက်လှန်းတဲ့ အခါပဲဖြစ်ဖြစ် မျက်နှာနားကို ကပ်ပြီး အားနဲ့ ဖြတ်ပျံသွားတာမျိုး၊ တစ်ခါတလေ လက် မောင်းကို လာဆိတ်တာမျိုးတွေ လုပ်တတ်တယ်။ ကျွန်မတို့ ဘက်ကတော့ တိုက်ခိုက်ခံရတာပေါ့။ သူတို့ဘက်ကကြည့်တော့ ကာကွယ်တာပေ့ါ လေ။ ကျွန်မမှာ သူတို့ ခွန်အားသေးသေးလေးကို ချစ်ရသေးတယ်။

ရယ်လည်း ရယ်ရတယ်။ ကျွန်မတို့က အခုဆို တိတ်တိတ်လေး လှုပ်ရှားတတ်နေပြီ။ သူတို့ အသိုက်နားက ဖြတ်ရင် အသံမကြားအောင် လှုပ်ရှားရတယ်။ စကားကို တိုးတိုး ပြောရတယ်။ အဝတ်လှန်းချိန်၊ သစ်ပင် ရေလောင်းချိန်တွေဆိုလည်း ဘာမှ မလုပ်ဘူးနော်။ အဝတ်လာ လှန်းတာ၊ သစ်ပင်ရေလာလောင်းတာ လို့လည်း စကားဦး သမ်းရသေးတယ်။ တစ်ညသား လေတွေတိုက်ပြီး မိုးတွေရွာတော့ သူတို့ကို စိုးရိမ် ရသေးတယ်။ သူတို့တွေ မိုးများမိကုန်မလား ဆိုပြီးလေ။ အသိုက်လေး ပဲ့သွားတော့ ပြင်ပေးရမလား

တွေးမိသေးတယ်။ သံယောဇဉ်က သိပ် ဖြစ်လွယ်တာပဲနော်။

အလိုလိုနေရင်း ဒီအတိုင်း ဂရုစိုက်ပေးချင်နေတာလေ။

လုပ်ပေးပါ မတောင်းဆိုလည်း ကိုယ့်ဆန္ဒကိုက လုပ်ပေးချင်နေတာလေ။ ကိုယ့်ကို အန္တရာယ်ပြု ရန်ဆောင်နေတာတောင် ချစ်စိတ်က မကုန်နိုင်တာလေ။ လူဆိုတာ အဲဒီလို ရှုးနှမ်းတဲ့သတ္တဝါလို့ သူတို့က ထင်ချင်ထင်မှာပေါ့နော်။

အဲဒီငှက်ကလေးတွေ ကြီးသွားတဲ့အထိ ဒီလို ဂရုတစိုက် ကြည့်နေ ပြီး သည်းခံရမယ်လို့ ကျွန်မက ပြောတော့ ငှက်တွေက အတောင်ပေါက်လို့ ပျံသန်းနိုင်သွားရင် အပြီး ထွက်သွားတာ၊ ဘယ်တော့မှ ပြန်မလာတော့ ဘူးလို့ ပိုးလေးက ပြန်ပြောတယ်။

ကျွန်မ ဒါကို သိတာပေါ့။

ဧပြီ ၂၈၊ ၂၀၂၁။

လွမ်းလို့ ရေးတဲ့စာ - ၃၂

Successfully wasted 3 months of 2021

အင်တာနက် ရတုန်းလေး လိုင်းပေါ် အပြေးအလွှား တက်ကြည့် လိုက်တာ အဲဒီ စာကြောင်းလေးကို တွေ့လိုက်တာပဲ။ ကောင်မလေး တစ်ယောက် သွားဖြီးထားပြီး လက်မ နှစ်ချောင်းလုံး ထောင်ထားတဲ့ illustration ပုံလေးနဲ့။ အတိုးဟာ သူ့ဝေါလ်ပေါ်မှာ အဲဒီပုံလေးကို သူ ကိုယ်တိုင် ဆွဲပြီး တင်ထားတယ်။ ကျွန်မလည်း ရင်နာနာနဲ့ ပြုံးလိုက် မိတယ်။ သူ့လို သွားဖြီးလေးနဲ့ပေါ့ ။

နေ့ရက်တွေဟာ တကယ့်ကို successfully wasted ပါပဲ။ ကျွန်မဆို ကိုယ့်ကိုယ်ကိုယ် ပျော်ကျသွားမှာစိုးလို့ ရတဲ့နည်းနဲ့ တောင့်ခံထား နေရတယ်။ အပြင်မှာ ရာသီဥတုကြီးက ပူပြီး လူတွေကတော့ အအေးခန်း ထဲက လူသေ ခန္ဓာကိုယ်တွေလို တောင့်ထားနေကြတယ်။ တချို့ဆို ရေခဲမှတ် မြင့်လွန်းလို့ အခိုးအငွေ့တွေတောင် ထွက်နေကြသလား မှတ်ရတယ်။

ကျွန်မကတော့ သစ်ရွက်နုတွေကိုပဲ ကြည့်နေပါတယ်။ မေလ ရောက်ပြီလေ။ ဒီတော့ ဦးချိမ့် ကဗျာလေးလည်း ရွတ်ရတယ်လေ။

တစ်နေ့ တစ်နေ့ အသက်ရှင်ရအောင်

ငါ အတော် အသက်ရှင်ခဲ့ရတာ

အောင်ချိမ့်

ကဗျာတစ်ပုဒ်ကို ဖတ်လိုက်လို့ ချိန်သားကိုက်သွားတဲ့အခါ တော် တော် အရသာရှိတယ်။ ကဗျာဆိုတာ လူ့အဖြစ်ကို ဗဟိုပြုပြီး လည်နေတာ။ အဲဒီအရွေ့ ထဲ ကိုယ်ကလည်း အဲဒီနေရာကိုအရောက် ကဗျာကလည်း အဲဒီနေရာကို အရောက် နေကြတ်သလို အဲဒီလို ထပ်တူကျသွားချိန်တွေ ရှိကို ရှိတယ်။ ကဗျာဖတ်လို့ အဲဒီလို ချိန်သားကိုက်သွားပြီဆို ကျွန်မ တအား ဆွေးတာပဲ။ သစ်ရွက်ဟောင်းကြီး တစ်ရွက်က မြေကြီးထဲ တအိအိ နစ်ဝင်သွားသလို ဆွေးတာ။

ဒီတော့ ကျွန်မ ဆွေးပေါ့။ successfully wasted နဲ့ ဦးချိမ့်ရဲ့ ကဗျာနဲ့ တွေ့ကြတာလေ။ အရင်ကလည်း မဆွေးလို့လားလို့ မေးရင်တော့ အရင်က ဆွေးတာထက် အခု ပိုဆွေးတယ်လို့ ဖြေမိမှာ။ အသက်ကြီး လာလေ၊ အထိအခိုက်တွေကို ဟန်ဆောင်ဖုံးကွယ်ပြီး တင်းခံတတ်လာ လေလေပဲ။

သစ်ရွက်တွေ ကြွေရင် အသံမထွက်ဘူး၊ ပြီးတော့ တမြည့် မြည့်နဲ့ ခြောက်သွေ့ ဆွေးရိပစ်လိုက်ကြတာတွေလေ။ စိမ်းစိုတုန်းကလည်း ငြိမ်ငြိမ်သက်သက်ပဲ၊ ဆွေးမြည့်သွားတော့လည်း ငြိမ်ငြိမ်သက်သက်ပဲ။ ဘယ်လောက် အားကျစရာ ကောင်းသလဲ။ အဲဒါကြောင့် ထိခိုက်လေ သစ်ရွက်နုတွေကို ကြည့်လေပဲ။

ဒီလိုပါပဲ။ အခု ကျွန်မ အသက်ရှင်နေတယ်။ တစ်ရက်ပြီးတစ်ရက် ပဲ။ ဒသမနောက်က သုညတွေဟာလည်း ကျွန်မရဲ့ နှစ်ဆယ့်လေးနာရီမှာ ကပ်ပါလျက်ပဲ။ ဒါကြီး ပြီးရင် ကျွန်မ ပြည်ကို သွားချင်တယ်။ မြစ်တစ်ဖက်ကမ်းက ရွှေဘုံသာမုနိ ဘုရားနားမှာ ဆိုင်လေးတစ်ဆိုင် ရှိတယ်။ အဲဒီဆိုင်လေးက လက်ဖက်သုပ်ကို ကျွန်မ သိပ်ကြိုက်တယ်။ ရေနွေးကြမ်းလေး သောက်ရင်း၊ လက်ဖက်သုပ်လေး စားရင်း၊ မြစ်ကို ငေးရင်းပေါ့။ အေးအေးလူလူဖြစ်မယ့် တနင်္ဂနွေ တစ်ရက်ပေါ့။

ဒါကြီးပြီးရင် ဆိုပြီး ကျွန်မတို့ မျှော်မှန်းထားတဲ့ စိတ်ကူးတွေကိုများ သိရင် မျက်ရည်ကျသွားလိမ့်မယ်။ ဒီလိုပြောလို့ ကျွန်မကို အကဲပိုလွန်း တယ်လို့ မထင်ပါနဲ့။ ကျွန်မတို့ ပေးနေရတာတွေက ကြီးလွန်းတော့ ကျွန်မတို့ လိုချင်တာကလည်း သိပ်ကို ကြီးမားမယ်လို့ ထင်နေကြတာ။ တကယ်တော့ ကျွန်မတို့ လိုချင်တဲ့ အရာလေးတွေက တကယ့်ကို သေး သေးလေးတွေ ...။

မေ ၂၊ ၂၀၂၁။

လွမ်းလို့ ရေးတဲ့စာ - ၃၃

ပြီးခဲ့တဲ့ ခရစ္စမတ်က ဆောင်တော်ကူးပင်လေး လက်ဆောင်ရခဲ့ တာ သိမှာပေါ့။ အခု သူက တော်တော်လေးကို အရွယ်ရောက်နေပြီ။ အရပ်ကြီးလည်း ရှည်လာပြီး အခက်အလက်တွေလည်း တော်တော် ပျံ့နှံ့ လာပြီ။ အခုဆို သူ့အရိပ်အောက်ကို ကျွန်မ ခိုလို့ ရပြီ။ အရွယ်ရောက် လာတဲ့ သားတစ်ယောက်က သူ့မိခင်ကို စောင့်ရှောက်နိုင်သလိုမျိုး ကျွန်မ လည်း သူ့အရိပ်အောက်မှာခိုရင်း အေးရိပ်ရနေပြီ။ အခုတောင် ဒီစာကို သူ့အရိပ်အောက်မှာ ထိုင်ရင်း ရေးလိုက်တာ။

လူတစ်ယောက်ကို ပြုစု စောင့်ရှောက်ရတာထက် သစ်ပင်တစ်ပင် ကို စောင့်ရှောက်ရတာ ပိုပြီး လွယ်ကူတယ်။ ပိုပြီးလည်း စိတ်ကြည်နူးရ တယ်။ ပိုပြီးလည်း အထိအခိုက် နည်းရတယ်။ မတတ်သာလို့ ကိုယ် စိုက်ပျိုးထားတဲ့ အပင်လေး သေဆုံးသွားခဲ့ရင်တောင် နောင်တ ပါးတယ်။ ကျွန်မ အကြောက်ဆုံးဖြစ်တဲ့ အပြစ်စွဲစိတ်ကို သစ်ပင်တွေမှာ မတွေ့ရဘူး လေ။ သူတို့က ဘာကိုမှ မတောင်းဆိုတတ်တာကြောင့် ဖြစ်မယ် ထင်တယ်။

မျှော်လင့်ချက် ဆိုတာလည်း မရှိကြဘူး။ အားကျစရာ ကောင်းအောင် ကိုပဲ ငြိမ်သက်ပြီး နေနိုင်တယ်။ ဒါပေမဲ့ ရှင်သန်မှုကိုကျ သူတို့ ကောင်း ကောင်း သိနေပြန်ရော။

ဒီရက်တွေထဲ ရှင်သန်မှုအကြောင်းကို ကျွန်မ သိပ်တွေးဖြစ်တယ်။ အရင်ကဆို အသက်ဆာတ်တစ်ခု တည်ရှိမှုဟာ သိပ်ပြီး မက်လောက်စရာ မရှိလို့ ထင်ခဲ့တာ။ ဘာတွေပဲ လုပ်နေ လုပ်နေ ပြီးရင် သေဆုံးသွားရတာပဲ လို့ တွေးတာ။ အခုတော့ အဲဒီလို မဟုတ်ပြန်ဘူး။ အရေးမကြီးပါဘူးလို့ ထင်ရတဲ့ အသက်ဆာတ်တစ်ခုကို အထိအခိုက်ဖြစ်မှာ၊ အချိန်မတိုင်ခင် ပျက်စီးသွားမှာ၊ အန္တရာယ်ကျရောက်မှာကို စိုးရိမ်တဲ့ အခြား အသက် ဆာတ်တွေ ရှိနေပါလားလို့ သိလိုက်ပြီးတဲ့နောက် အရေးမကြီးပါဘူးလို့ ထင်ခဲ့တဲ့ အသက်ဆာတ်ဟာ မြေကြီးနက်နက်ထဲ တိုးဝင်ကုပ်တွယ်လာ တော့တာပဲ။ ရှင်သန်မှုဟာ အဲဒီလို ချိတ်ဆက်ပြီး ဖြစ်နေကြတယ်။

သစ်ပင်တွေဟာ မြေကြီးကို လိုသလို၊ နေရောင်ကို လိုသလို၊ ရေကို လိုသလို လူတွေက အခြား အသက်ဆာတ်တစ်ခုကို လိုနေတယ်။ ကိုယ်ကတော့ အသက်ဆုံးကာမှ ဆုံးရော သူ့ကိုတော့ဖြင့် ရှင်ကျန်စေချင် တယ် ဆိုတာမျိုးက လူတွေရဲ့ အသက်ရှင်မှု အစစ်လား။ ကျွန်မလည်း ရောထွေးကုန်ပါပြီ။ လူတွေဟာ သိပ်အတ္တကြီးပြီး တစ်ပြိုင်နက်တည်း မှာပဲ သိပ်ကို ချစ်တတ်လွန်းနေတယ်။

လူ့အကြောင်း သိဖို့ လူဖြစ်လာ ရပေမဲ့ လူ့အကြောင်း သိဖို့ လူ့အဖြစ်က မပြည့်စုံသေးဘူး ထင်တယ်။

စကားတွေက ဘယ်ရောက်ကုန်ပြီလဲ မသိပြန်ဘူး။ ကျွန်မက အဲဒီ လိုပဲ။ နေသားကျမယ်လို့ ထင်ပါတယ်။ အခုပဲ သေပစ်ချင်လိုက်၊ အခုပဲ ရှင်သန်နိုင်ဖို့ ကြိုးစားလိုက် ဖြစ်နေတဲ့ ကျွန်မကို ကြည့်ရတာ ဘာနဲ့ တူနေမလဲ။ ဘာနဲ့မှ မတူပါဘူး။ အရင်အတိုင်းပါပဲလို့ ပြောမယ်မှန်း သိပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံတော့ စိတ်ပျက်မိမယ်လို့ ထင်တယ်။

ကိစ္စမရှိပါဘူး။ ကျွန်မ အဲဒါကို လုံးဝ စိတ်မဆိုးဘူး ... သိလား။

ဇွန် ၅၊ ၂၀၂၁။

လွမ်းလို့ ရေးတဲ့စာ - ၃၄

ကံ့ကော်ပင်လေး အိမ်က ထွက်သွားပြီ။ လယ်တောအိမ်ကို သယ် သွားကြပြီ။ ဟိုမှာတော့ သူ ကောင်းကောင်း ကြီးထွားပြီး ရှင်သန်နိုင် လိမ့်မယ်။ မသွားခင်တော့ ကျွန်မတို့အတွက် ပန်းနှစ်ပွင့် ပွင့်ပေးခဲ့တယ်။ အဲဒီပန်းကို မြင်ရဖို့ လေးနှစ်ကျော် စောင့်ခဲ့ရတယ်ဆိုတာ အပိုစကား မဟုတ်ဘူး။ တကယ်။ သူ အိမ်ကိုရောက်တော့ ကျွန်မရဲ့ ဒူးခေါင်းသာသာ လောက်လေးပဲ ရှိတာ မှတ်မိသေးတယ်။ သူ့ဓာတ်ပုံလေး ဖုန်းထဲ အခုထိရှိသေးတယ်။ ယိုးဒယားကံ့ကော်မျိုး၊ အပင်သေးသေးလေးနဲ့ ပွင့်တယ် ဆိုပြီး ဝယ်ခဲ့ကာမှ မြန်မာမျိုးရင်း အပင်ကြီး ကံ့ကော်ဖြစ်နေတာ။ မြေကြီး ထဲ ချထားဖို့ နေရာမရှိတော့ အိုးထဲ ထည့်ထားရတယ်။ အဲဒီ အိုးလေးထဲ သူ လေးနှစ်ကျော် နေခဲ့ရတာ။ သနားစရာ ကျွန်မတို့ရဲ့ ကံ့ကော်ပင်လေး။

ဘယ်တုန်းကမှ အပွင့် မပွင့်ခဲ့လို့ အမြဲ လူရယ်ခံရတယ်။ လွန်ခဲ့တဲ့ လေးနှစ်လုံး အရွက်နုတွေသာ ဖြာဝေပြီး ထွက်လာခဲ့တာ၊ ဘယ်တော့မှ ပန်းမပွင့်ခဲ့ဘူး။ သူ့ကိုယ်သူ ကံ့ကော်ပင်ဆိုတာကို မေ့ပြီး၊ ရွက်လှပင် ယောင်ဆောင်နေတဲ့ ကောင်လို့ အထင်ခံရတယ်။ ပန်းပွင့်ပါစေတော့ ဆိုပြီး သီတင်းကျွတ်မှာ လျှပ်စစ်မီးသီး ကြိုးတန်းလေး အပင်မှာ အလှချိတ်ပြီး ဆင်ပေးခဲ့ဖူးတယ်။ အဲဒီလျှပ်စစ်မီးသီးတန်းလေး တစ်ညတည်းနဲ့ ကျွမ်းသွားတယ်။ အဲဒီတော့ ပိုပြီး ရယ်စရာဖြစ်ခဲ့သေးတာကို မှတ်မိနေ တယ်။ သူ ပန်းမပွင့်ချင်ခဲ့ပုံက အဲဒီလောက်ထိ။

အပွင့် မပွင့်တဲ့ ကံ့ကော်ပင်ဆိုပေမဲ့ သူ့အပေါ် တစ်စက်ကလေးမှ အချစ်မလျော့ခဲ့ဘူး။ ကျွန်မလိုပဲ တစ်အိမ်လုံးရဲ့ အချစ်ခံအဖြစ်နဲ့ နေခဲ့ ရတာ။ ကံ့ကော်ညွန့်လေး ရနိုင်မလားဆိုတဲ့ တောင်းဆိုမှု တချို့တလေနဲ့ တင် အမြဲ ဂုဏ်ယူနေခဲ့ရတာ။ အဲဒီလိုနဲ့ပဲ လေးနှစ်ကျော်ထိ သူက အိမ်မှာ ကြီးပြီးလာခဲ့တာ။

သူ့ဆီက ပန်းအဖူးလေး စမြင်ခဲ့ရတုန်းကများဆို ဘယ်သူ့ကိုမှ အားမနာနိုင်ဘဲ ထခုန်မိတဲ့အထိ ပျော်ခဲ့ရတာ။ ဘာလို့ဆို လက်လွှတ် ထားခဲ့ပြီမို့ပဲ။ သိတယ် မဟုတ်လား၊ လက်လွှတ်ထားခဲ့ပြီဆိုတဲ့ စကား ရဲ့ အနက်ကိုလေ။ အဲဒီအခြေအနေမှာ ရှိနေတဲ့ သူ့ဆီက ပန်းအဖူးဟာ ပျောက်သွားတဲ့ပစ္စည်းလေး ပြန်ရာတွေ့ တာထက် အများကြီး ပိုတယ်။ ပန်းပွင့်တဲ့အပင်က ပန်းအဖူးကိုမြင်ရတာ ဘာများ ထူးဆန်းလို့လဲ ဆို ဂျူး ဝတ္ထုတွေထဲက မင်းသမီးလို ခိုင်မာတဲ့အသံနဲ့ "အိုး၊ သိပ်ထူးဆန်း တာပေါ့။ ဘာလို့ဆို ကျွန်မ ကံ့ကော်ပင်မို့လို့ပဲ"လို့ ဖြေပစ်လိုက်မှာ။ သူ့ ဆီက ပွင့်တဲ့ပန်းဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကံ့ကော်ပွင့်တွေထက် ပိုလှ ခဲ့တယ်။ နှစ်ပွင့်တည်းနော်။ ဒါပေမဲ့ (လုံး၀) လုံလောက်ခဲ့တယ်။

ပန်းပွင့်တာ မြင်တော့ သူက နှစ်သိမ့်တာဖြစ်မှာလို့ ကျွန်မ တွေးဖြစ်တယ်။ အိမ်ကနေ သွားရတော့မယ် ဆိုတာကို သိနေခဲ့လို့ ဖြစ်မယ် ထင်တယ်။ မှတ်မှတ်ရရ ပြောရရင် ဇူလိုင် ၁၈ ရက်နေ့မှာ သူ့အဖူးကို စတွေ့ခဲ့ရပြီး ဒီနေ့ ဩဂုတ် ၁၈ ရက်နေ့မှာ သူ အိမ်က ထွက်သွားတာ။ သူ့ကို လူလိုပဲ ဆက်ဆံ သဘောထားခဲ့တာကို သူလည်း ခံစားမိတယ် ထင်တယ်။ သူ့ကို ထိလိုက်ရင် သိတယ်ဆိုတဲ့ ခံစားမှုကို အမြဲရတယ်။

သူ့ကို လယ်တောအိမ်ဆီ မပို့ခင် ရက်ပိုင်းလောက်က သူ့အပင် ခြေရင်းကို လက်နဲ့ ကိုင်ကြည့်ခဲ့တယ်။ ကျွန်မလက်ဖဝါး တစ်ဆုပ်စာ လေးကို စမ်းကိုင်မိတယ်။ လေးနှစ်ကျော်ကလေးက ဒီ့ထက် ကြီးပြင်းရမှာလို့ တွေးပြီး စိတ်မကောင်း ဖြစ်ရသေးတယ်။ ဝမ်းနည်းစရာတွေ တောင်ပုံယာပုံ ဖြစ်နေတဲ့ကာလမှာ သူ့အတွက်ကို ထည့်ပြီး ဝမ်းနည်းမိသေး တယ်။ ကျွန်မက တကယ့် ဒရာမာကွင်းပဲနော်။

သူ့ကို ရွှေ့တဲ့အခါ ကျွန်မ လိုက်သွားမယ်လို့ စိတ်ကူးရှိခဲ့ပေမဲ့ အဲဒါဟာ ဖြစ်မလာခဲ့ဘူး။ မနက်အိပ်ရာနိုးတော့ ခြံရှေ့မှာ သူ မရှိတော့ ဘူး။ သူ မရှိတော့တဲ့မြေကွက်လပ်က ကျွန်မကို ကြိုနေတယ်။ ကျွန်မရဲ့ နောက်ကျမြဲတွေက အရင်အတိုင်းပေါ့လေ။ တော်တော်လေး တူးယူလိုက် ရတယ်လို့ အမေက ပြောတယ်။ အိုးကို ဖောက်ထွက်ပြီး သူ့အမြစ်တွေက မြေထဲ ကုပ်နေတော့ အိုးပတ်ချာလည်က မြေကြီးကိုပါ တူးဆွပြီး သယ် သွားရတာတဲ့။ အိုးတန်းလန်းကြီးနဲ့ အိုးအောက်ဘက်မှာ အမြစ်တွေနဲ့ ကိုးလိုးကန့်လန့်ကြီး ပါသွားတာ ... တဲ့။ ချစ်စရာ ကျွန်မတို့ရဲ့ ကံ့ကော်ပင်လေး။ ဒူးခေါင်းလောက်ကလေးကနေ တဖြည်းဖြည်း အရွယ်ရောက် လာတာကို လည်တမော့ဖြစ်တဲ့ထိ မော့ကြည့်ခဲ့ရတဲ့ ကလေးလေးပေါ့။

လယ်တောအိမ်ကို ရောက်တဲ့အခါ အဖော်အပေါင်းတွေလည်း ရှိမှာပါ။ မြေကြီးထဲ ခြေကိုချလိုက်တာနဲ့ အိမ်နဲ့မတူတော့ နည်းနည်း လန့်ချင် လန့်မှာပေါ့။ သိပ်မကြာပါဘူး၊ ပြီးရင် ပျော်လာလိမ့်မယ်။ အဲဒီ မှာ တိမ်တွေ အရမ်းလှတယ်။ အိမ်မှာလို တိမ်တွေဟာ ခေါင်မိုးတွေ၊ ဓာတ်ကြိုးတွေနဲ့ ငြိမနေဘူး။ လေတွေကလည်း မျက်ရည်ထွက်တဲ့အထိရယ်မိအောင် တိုက်လိမ့်မယ်။

ဒီတစ်ခုတော့ သူ့ကို မဖြစ်မနေ လုပ်ကြည့်စေချင်တယ်။ မြေကြီး ပေါ် ရောက်တာနဲ့ ပြေးစေချင်တာ။ မပြေးနဲ့နော်လို့ အမြဲ ထိန်းကျောင်း ခံခဲ့ရတဲ့ ငါးနှစ်ပြည့်တော့မယ့် ကလေးလေး ဖြစ်ခဲ့ရတာ မဟုတ်လား။ လယ်တောအိမ်ရှေ့မှာ ရထားသံလမ်း အရှည်ကြီး ရှိတယ်။ အဲဒါကို ကြည့်ပြီး ပြေးစေချင်တယ်။

ကျွန်မရဲ့ ကံ့ကော်ပင်လေး အဲဒီလို လုပ်မယ် (လုပ်ကို လုပ်လိမ့် မယ်) လို့ ထင်တယ် မဟုတ်လားဟင်။

ဩဂုတ် ၁၈၊ ၂၀၂၁။

ပြီးခဲ့တဲ့ ခရစ္စမတ်တုန်းက ဆောင်တော်ကူးပင်လေး လက်ဆောင် ရခဲ့တာ သိမှာပေါ့။ အိမ်ကို ရောက်လာတုန်းက သူ့ဆီမှာ ပန်းပွင့် သေး သေးလေး သုံးပွင့် ပါလာတယ်။ အရွယ်က သေးသေးလေး။ အိမ်ခေါင်း ရင်း မြေကွက်လပ်မှာ ဝါးစင်ကလေး ဆောက်ပြီး သူ့ကို မွေးခဲ့တာ။ သူ့ အညွန့်လက်တက်လေးတွေ တရိပ်ရိပ် တက်လာတာကို စောင့်ကြည့်ခဲ့ တာ။ သိလား… သူ အရွယ်ရောက်လာတာ သိပ်မြန်တာပဲ။ သူ့အရပ် ကြီးက အခုဆို အိမ်ခေါင်းရင်းမြေကွက်လပ် တစ်ဝက်လောက်ထိ ရောက် လာပြီ။ အခုဆို သူက ပန်းတွေ ပွင့်နေပြီ။ ဒီနေ့ သူ့ပန်းပွင့်တွေကို စတွေ့ ခဲ့တာပဲ။ နှင်းလို ဖြူနေတဲ့ ပန်းပွင့်သေးသေးလေးတွေ စုနေတဲ့ ပန်းအစု အဝေးလေးကို မြင်ရတာ သိပ်ကြည်နူးဖို့ ကောင်းတာပဲ။ ကျွန်မ အချိန် အကြာကြီး မျှော်ခဲ့ရတဲ့ ဆောင်တော်ကူးပွင့်တွေပေါ့။ သိပ်လှတယ်။

တစ်နေ့လုံး ဘာမှ ထွေထွေထူးထူး လုပ်စရာမရှိတဲ့အခါ ပန်းတွေ ကို ကြည့်စေချင်တယ်။ ကိုယ်တိုင် စိုက်ပျိုးထားတာ မဟုတ်ရင်လည်း ဈေးက ဝယ်ယူလာတဲ့ ပန်းတွေပဲဖြစ်ဖြစ်ပေါ့။ အိမ်ရဲ့ တစ်နေရာရာမှာ သူတို့ကို နေရာချပေးလိုက်။ ဖြတ်သွားဖြတ်လာ မြင်လို့ရနေမယ့် နေရာ မျိုးလေးတော့ ဖြစ်နေပါစေပေါ့။ တစ်နေရာမက ပန်းတွေ ထားချင်ရင်တော့ ပိုကောင်းတာပေါ့။ ပန်းတွေ များနေတာမှာ ပြဿနာဖြစ်လာစရာမှ မရှိတာ။ ကိုယ်တိုင် စိုက်ပျိုးထားတာ ဆိုရင်တော့ လုံးဝ မခူးစေချင်ဘူး။ သူတို့ကို ဒီအတိုင်းပဲ ထား။ သူတို့ရှိတဲ့နေရာကို သွားပြီး ကြည့်။ ဒါမျိုးပဲ ဖြစ်စေချင်တယ်။

ဘာကိုမှ အထွေအထူး လုပ်စရာမရှိသလို၊ ဘာကိုမှ တင်းနေ အောင် ဖက်တွယ်ထားလို့ မရတဲ့ အချိန်တွေမှာ ကျွန်မ ပန်းတွေကို ကြည့် တယ်။ သူတို့အရောင်နဲ့ သူတို့ရနံ့ထဲ ကျွန်မကိုယ်ကျွန်မ ထိုးထည့်ထား လိုက်တယ်။ ကျွန်မ မနှစ်မြို့တဲ့ လေဟာနယ်တွေကို ရှောင်ရှားတဲ့ နည်း ပေါ့။ ဒါကို သတ္တိနည်းတယ်လို့ မခေါ်စေချင်ဘူး။ လူဆိုတာ မကြာခဏ ထိခိုက်မိတတ်တဲ့ သတ္တဝါမျိုး မဟုတ်လား။ အနာသက်သာနည်း တွေကို ရှာဖွေထားရမှာပေါ့။ ပန်းတစ်ပွင့်ဟာ အနာတရကို ကုသပေးနိုင်တယ်။ မြေမှာ ပေါက်နေတဲ့ အရိုင်းပန်းလေး ဖြစ်နေပါစေဦး၊ ဒဏ်ရာကို ကုစား နိုင်တယ်။ အဲဒါကို သိစေချင်တာ။

ကြည့်လိုက်မိတဲ့ ပန်းမှာ နာမည်မရှိလည်း ဖြစ်တယ်။ ကြည့်လိုက် မိတဲ့ ပန်းရဲ့နာမည်ကို မသိလည်း ဖြစ်တယ်။ ကြည့်ပါ။ ပန်းတစ်ပွင့်ကို ရဲရဲတင်းတင်း ကြည့်လိုက်ပါ။ ကျပ်ခဲနေတဲ့ ကာလတွေအကြောင်းကို ကျွန်မ သိတယ်။ ဒီတော့

ကျွန်မ ပြောတာကို ယုံစေချင်တယ်။ လူတွေ နည်းနည်း ပန်းတွေများများလို့ ကြည်အေးလည်း ပြောခဲ့တယ် မဟုတ် လား။ ပန်းတွေဟာ ရန်မဖြစ်ဘူးလို့ သစ္စာနီလည်း ကဗျာရေးခဲ့တယ် မဟုတ်လား။ ပန်းတွေဟာ ကျွန်မတို့ထက် သက်တမ်းပိုရှည်ခဲ့တဲ့ ကမ္ဘာဦး ဖြစ်တည်မှုတွေပါ။ ဘာမဆို သူတို့ မြင်ခဲ့ဖူးပြီးသား။ ဒါကြောင့် ပွင့်နိုင် ကြတာ။ ဒါကြောင့် ကြွေတာကိုက ပွင့်တာပဲလို့ မောင်ချောနွယ် ပြောခဲ့တာ။

ပင်ပန်းတယ် မဟုတ်လား။ ထုတ်မပြောချင်တာတွေလည်း ရှိတယ်မဟုတ်လား။ ငိုလို့မရလို့ ရယ်လိုက်ရတဲ့ ဟာသတွေလည်း များပြီ မဟုတ်လား။ အဆင်ပြေရဲ့လား မေးတိုင်း ဒီလိုပါပဲလို့ ဖြေတတ်ခဲ့တာ ဘယ်အချိန်လောက်ကတည်းက ဆိုတာ မမှတ်မိတော့ဘူး မဟုတ်လား။ ပန်းတစ်ပွင့်ကိုသာ ရဲရဲတင်းတင်း ကြည့်လိုက်ပါ။

"ကိုယ် ချစ်ရတဲ့ တစ်စုံတစ်ဦးနဲ့ လမ်းခွဲရတော့မယ်ဆိုရင် သူ့ကို ပန်းတစ်ပွင့်ရဲ့ နာမည် သင်ပေးလိုက်ပါတဲ့။

ကျွန်မ သဘောကျမိတဲ့ Ever Green ရုပ်ရှင်ထဲက စကားလေးပါ။ ပန်းတွေက နှစ်တိုင်းပွင့်နေမှာမို့ ကိုယ့်ကို အမြဲသတိရနေစေဖို့ ထင်ပါရဲ့။ ဘယ်လောက် လှလိုက်တဲ့ စကားလဲ။ လမ်းခွဲဖို့ မဟုတ်လည်း တစ်ဖက် သားကို မှတ်မိနေစေဖို့၊ ကိုယ့်ကိုယ်ကိုယ်လည်း မှတ်မိနေစေဖို့ ပန်း နာမည်လေးတစ်ခု ရှိသင့်တယ်လေ။

ဒါကြောင့်မို့ ဒီပန်းဟာ "ဆောင်တော်ကူး"လို့ ကျွန်မ ပြောခဲ့ချင်တယ်။

ဒီဇင်ဘာ ၉၊ ၂၀၂၁။

အဲဒီအချိန်သို့ စာတစ်စောင်ရေးပို့ခြင်း အိပ်မက်

အားလုံး ပြီးသွားတဲ့အခါ ကျွန်မ ပြည်ကို သွားမယ်။ အချိန်က ဆောင်း၊ ဒါမှမဟုတ် နွေ၊ ဒါမှမဟုတ် မိုး တစ်ခုခုတော့ ဖြစ်နေနိုင်တယ်။ ဒါပေမဲ့ ကျွန်မ ပြည်ကို သွားဖြစ်အောင် သွားမယ်။ နဝဒေးတံတားကို ကျော်ပြီး မြစ်တစ်ဖက်ကမ်းကို ကူးမယ်။ မြစ်ကမ်းနားက အသုပ်ဆိုင်လေး မှာ ထိုင်မယ်။ မြစ်ကို ငေးမယ်။ ဆံပင်တွေကလည်း ကျောလယ်လောက် အထိ ရှည်လာနိုင်လို့ မြစ်ကို ဖြတ်တိုက်လာတဲ့ လေတွေထဲ ဝဲပျံ့နေလိမ့် မယ်။ ဒီလို ငေးရင်း ဖြစ်ပျက်ခဲ့သမျှ အပိုင်းအစတွေကို တစ်ခုချင်း ပြန်စီ ကြည့်ချင်ကြည့်မယ်။ ဒါမှမဟုတ်လည်း တစ်ခုချင်းကို delete လုပ်ချင် လုပ်ပစ်မယ်။

ကျွန်မ ထိုင်မယ့် အသုပ်ဆိုင်လေးရဲ့ ရှေ့ကို ဆက်သွားလိုက်ရင် သစ်သားတံတားလေး ရှိတယ်။ (အဲဒီအချိန်ထိ ရှိနေဦးမယ်လို့ ထင်တာပဲ) တံတားကို ကျော်လိုက်ရင် ရွှေဘုံသာမုနိဘုရား ရှိတယ်။ ဘုရားကို သွား ပြီး ကြွေပြားနဲ့ ညလျှပ်စစ်မီးဖိုး အလှူခံပုံးထဲ ငွေလှူမယ်။ စံပယ်ပန်းကပ်မယ်။ ဒါတွေက ကျွန်မ သိခဲ့၊ မသိခဲ့တဲ့ ကြယ်တွေအတွက်ပေါ့။ သူတို့က ကြမ်းခင်းတွေလို နေပေးခဲ့ပြီး ကွယ်လွန်တော့ ကြယ်တွေ ဖြစ် သွားကြသူတွေလေ။ စံပယ်ပန်းကတော့ ရောက်တဲ့နေရာတိုင်းမှာ အခုလိုပဲ ရနံ့မွှေးနေဖို့ အတွက်ပေါ့။

ကျွန်မအတွက်တော့ ဘုရားရှေ့က ပန်းသည်လေးတွေဆီမှာ ပန်း ဝယ်ပြီး ပန်မယ်။ ဒီလောက်ပါပဲ။ ကျွန်မ ရောက်တဲ့အချိန် သြဇာသီး တွေနဲ့ ကြုံရင်တော့ ကျွန်မ သိပ်ကံထူးလို့ပဲပေါ့။ အသက်ရှင်ခဲ့ပြီး ဒီကို ရောက်အောင် လာနိုင်ခဲ့ပြီး သိပ်ကြိုက်တဲ့ သြဇာသီးတွေပါ စားခွင့်ရဖို့ ကတော့ မလွယ်ဘူးပေါ့လေ။ မလွယ်ကူတာတွေ အကြောင်းက ဖြစ် မလာနိုင်သေးတဲ့ အတွေးထဲထိ ရောက်လာတာမျိုးတွေ ကျွန်မ မကြိုက် ဘူး။ ဒါကြောင့် ကျွန်မအတွေးထဲ မလွယ်ကူတာတွေ မထည့်ချင်ဘူး။

ဆက်ပြောရရင် အဲဒီဘက်ခြမ်းက ရပ်ကွက်လမ်းလေးတွေထဲထိလမ်းလျှောက်ထွက်မယ်။ တစ်ဖက်မှာ လူနေအိမ်တွေနဲ့ တစ်ဖက်မှာ တောင်နံရံတွေ ရှိနေတဲ့ ရပ်ကွက်မြေနီလမ်းလေးတွေမှာ တစ်ယောက် တည်း လမ်းလျှောက်မယ်။ မျက်နှာချင်းဆိုင် အရပ်ကနေ သြဇာသီး တောင်းကြီး ရွက်လာတဲ့ ဦးလေးကြီးကို သိသိ၊ မသိသိ ပြုံးပြလိုက်မယ်။ အဲဒီအချိန်မှာ ကျွန်မက ဘယ်သူ့ကို ကြည့်ကြည့် ဆုံးရှုံးလိုက်ရတဲ့ လူတွေချည်းလို့ မြင်နေလိမ့်မယ်။ ဒါကြောင့် ဘုရားမှာ စံပယ်ပန်းတွေ လှူခဲ့တာ ဦးလေးရဲ့ အဆုံးအရှုံးအတွက်ပါ ပါတယ်လို့ ပြောဖြစ်လိမ့် မယ်။ ဘယ်သူ သိနိုင်မှာလဲ။ ကျေးဇူးတင်ပါတယ်၊ သူက စံပယ်ပန်းတွေ

သိပ်ကြိုက်တာ”လို့ ကျွန်မကို ပြန်ပြောချင် ပြောမှာပေါ့။ အဲဒီအချိန်မှာ လူတွေက တစ်ဦးနဲ့တစ်ဦး အလိုအလျောက် ချိတ်ဆက်မိနေချင် မိနေမှာ ပေါ့။

လမ်းလျှောက်လို့ အားရသွားတဲ့အခါ မြစ်ဆီ ကျွန်မ ပြန်လာမယ်။ အောင်ချိမ့်ရဲ့ "ကက်သလောက်' ထဲမှာ ပါတယ်။ ခင်ဝမ်းဟာ တချို့ညနေ တွေမှာ မိသားစုကိုခေါ်ပြီး မြစ်ကမ်းနားမှာ လမ်းလျှောက် ထွက်တယ် တဲ့။ တစ်ခါတလေ တယော ထိုးတယ်တဲ့။ အဲဒီလို မိသားစုလေးတွေများ ရှိမလားလို့ ကျွန်မ မျှော်မယ်။ ဒါမှမဟုတ် မြစ်ဘေးမှာ ဂစ်တာ လာတီး တဲ့ လူငယ်အုပ်စု တစ်ခုခုပေါ့။ ဒါမှမဟုတ် ချစ်သူသမီးရည်းစား တချို့ ပေါ့။ အဲဒီလို မျှော်ရင်း မြစ်ကို ငေးရတာနဲ့ ပင်လယ်ကို ငေးရတာ မတူတဲ့ အကြောင်း ကဗျာတစ်ပုဒ်လောက် ရေးမယ်။ လွတ်လပ် ပျော်ရွှင် လိုတဲ့အခါ ပင်လယ်ကို သွားသင့်ပြီး၊ အလွမ်းဖြေချင်တဲ့အခါတော့ မြစ် ကိုသာ လာသင့်တဲ့အကြောင်း ကျွန်မ ကဗျာထဲ ထည့်ရေးမယ်။

အဲဒီတော့ ကျွန်မက အလွမ်းလာဖြေသူပေါ့။ အဲဒီအချိန်ဆို ကျွန်မ မှာလည်း လွမ်းစရာတွေက တော်တော်များများ စုနေလောက်ပြီမို့ ကျွန်မ လွမ်းနေမိမယ်။ တယုတယ စိုက်ခဲ့ပြီးမှ သေဆုံးသွားတဲ့ ပန်းပင်လေးကိုပဲ ဖြစ်ဖြစ်။ ဂရုစိုက်ပါ၊ ကျန်းမာအောင်နေပါလို့ ပြောပြီး ကျွန်မဆီ ပြန် ရောက်မလာတော့တဲ့ စကားလုံးပိုင်ရှင်တွေကိုပဲ ဖြစ်ဖြစ်ပေါ့။ ပြီးတဲ့အခါ လေကို ရှူသွင်းရှူထုတ် လုပ်ပြီး ကျွန်မ ရှိနေကြောင်းကို ကျွန်မကိုယ် ကျွန်မ အသိပေးမယ်။ တစ်ကိုယ်စာ drama တွေကိုလည်း မျိုသိပ်ထား ခဲ့ရတာ ကြာပြီမို့ အတိုးချပြီး နာကျင်ပစ်မယ်။ နည်းနည်းပါးပါး ငိုမယ်။ ကန်ရေပေါ်မှာ တင်နေတဲ့ ရေခဲမျက်နှာပြင်တစ်ခုလို နေထိုင်ခဲ့ရပြီးပြီမို့ အဲဒီအချိန်မှာတော့ ကျွန်မ ငိုနိုင်လိမ့်မယ်။

ဘဝအပေါ် ခင်တွယ်မှုကိုတော့ နည်းသထက် နည်းအောင် ကျင့်ကြံ တော့မယ်။ တချို့ အဓိပ္ပာယ်မဲ့မှုတွေ။ လိုတာထက် ပိုပြီး ပေးဆပ်ခဲ့ရတဲ့ မညီမျှမှုတွေ။ လူတစ်ယောက်ရဲ့ တတ်နိုင်ခြင်း၊ မတတ်နိုင်ခြင်း ဆိုတဲ့ စည်းကိစ္စတွေ။ ရက်စက်ပြီး လက်တွေ့ကျတဲ့ ပကတိ အရှိတရားအကြောင်း တွေကို အဲဒီအချိန်မှာ ကျွန်မအနေနဲ့ တော်တော်များများ သိခဲ့ပြီး ဖြစ်နေ လိမ့်မယ်။ ဒီတော့ အဲဒီအချိန်မှာ ရှိနေမယ့် ကျွန်မက အခု ကျွန်မထက် စာရင် အများကြီး ပိုပြီး ပါးလုပ်သွားစေဖို့ မျှော်လင့်တယ်။ ထုထဲ လေးပင် တဲ့ ဝတ်ရုံတွေကို ခွာချပြီးနိုင်စေဖို့ မျှော်လင့်တယ်။ ရှိခဲ့ခြင်းတွေ၊ မရှိတော့ခြင်းတွေကတော့ ဘယ်အချိန်မှာမဆို ရှိနေကြဦးမှာမို့ အဲဒီ ကြား ကွက်လပ်တွေကိုလည်း အဲဒီအချိန်မှာတော့ ကျွန်မ ကောင်းကောင်း စီမံ နိုင်ဖို့ မျှော်လင့်တယ်။

တစ်နေ့တာလုံး မြစ်ကို ငေးရင်း နေဝင်သွားတဲ့အထိ ကျွန်မ ထိုင်နေမယ်။ နေလုံးကြီးက တဖြည်းဖြည်းနဲ့ မြစ်ထဲ ပြုတ်ကျသွားတာကို သိပ်ကြိုက်တဲ့ ရုပ်ရှင်ကား ကြည့်နေရသလို ကြည့်မယ်။ ကြယ်တွေ ထွက်လာကာမှ ကျွန်မ ပြန်လာမယ်။

နဝဒေးတံတားကြီးပေါ် ရောက်ချိန် လေးဖြူရဲ့ "လေလွင့်သူ"သီချင်းကို ဖွင့်ပြီး နားထောင်မယ်။

ဘယ်လို ဖြေရမလဲ

ပေါ့ပါးခြင်းနဲ့ ဘဝ

ဘယ်ကို သွားမလဲ အတိအကျ မသိတဲ့

ခရီးသည်တစ်ဦးရဲ့ ညနေများ

တစ်ညလုံး ငါ့ရဲ့အနား

သက်ပြင်းများ ကြွေကျ

ညတိုင်း အိပ်မက်ထဲမှာ

တစ်စုံတစ်ယောက် ငါ့ကို ရပ်စောင့်နေတယ်...

အဲဒီစာသားနေရာကို ရောက်ရင် အတူလိုက်ဆိုမယ်။

ဒီအကြောင်းတွေကို စာတစ်စောင်ဖြစ်အောင် ရေးမယ်။ အဲဒီမှ ရုပ်ရှင်ထဲကလို အချိန်နှစ်ခုကြား ချိတ်ဆက်ပေးနိုင်တဲ့ စာတိုက်ပုံးလေး ဆီ စာသွားထည့်မယ်။ အဲဒီအချိန်မှာ ရှိနေမယ့် ကျွန်မကို အခုအချိန်က ကျွန်မက ကြိုတင် ပေးပို့ထားတဲ့ စာတစ်စောင်ပေါ့။ စာထဲ အထူးမှတ် ချက် ထည့်ရေးရမယ်။

အားလုံး ပြီးသွားတဲ့အခါ မြင့်သန်း ဝတ္ထုထဲကလို လူတိုင်းဟာ သီးခြား ဖြစ်တည်နေကြတာဆိုတဲ့ မှတ်တိုင်ဆီ ရောက်ဖို့ရယ်၊ အဲဒီ စကားကို လက်ဝယ်ပိုင်ပိုင် ရဖို့ရယ်ကိုပဲ ကျွန်မ အားထုတ်တော့မယ် ဆိုတဲ့ အကြောင်းပေါ့။

ဩဂုတ် ၈၊ ၂၀၂၁။

Whisper Of Words